# Aquarius

## ဝံ-ဓာလကိဘို



၂၀၁၃ ခုနှစ် ၁၂ ရာသီဟောကိန်း

**ကုမ်ဘရာသီ**

ဇန်နဝါရီ ၂၀ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက်

အနေနှက်တိုင်း သာယာနဝုန်

www.shweo.net

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဦးမြင့်သန်း
Print House Offset (မြ - ၀၅၆၅၈)
အမှတ် - ၁၁၅၊ မဂ္ဂဇာရာမင်းသားကြီး မောင်ပျိုလမ်း၊ ဓာတ်မှတ်ကုန် - ၂
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ဦးအာကီဘို
သုခစာပေသော် စာပေတိုက် (ယာယီ - ၀၀၆)
၁၃၂၊ မြလမ်း၊ အရွှေကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

**ပင်ရင်းဖြန့်ချိရေး**
အမှတ် - ၂၈၆(မြေညီထပ်)၊ လမ်း-၄၁(အထက်)၊ ရန်ကုန်မြို့။
ဖုန်း - ၇၁၉၁၁၂၊ ၃၉၁၁၅၆၊ ၀၉ ၈၆၁၀၄၈၈
စောင်ရေ (၁၀၀၀)

| | |
|---|---|
| တန်ဖိုး | - ၇၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၁၂ အောက်တိုဘာလ |
| မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း | - Prodigy |
| ကွန်ပျူတာစာစီ | - စိုးနိုင်၊ ကျော်စွာလင်း |
| မျက်နှာဖုံးကာလာခွဲ | - KaBaOo CTP |
| အတွင်းဖလင် | - Color King |

စံ-အာကီဘို၊ ၁၃၀
၂၀၁၃-ခုနှစ် ၁၂-ရာသီဟောကိန်း / စံ-အာကီဘို၊ ရန်ကုန်၊
သုခစာပေ စာပေ၊ ၂၀၁၂။
၁၁၁ စာ၊ ၉ × ၁၂.၅ စင်တီမီတာ။
(၁) ၂၀၁၃-ခုနှစ်၊ ၁၂-ရာသီဟောကိန်း



www.shweo.net

၂၀၁၃ ခုနှစ်

# စံ-အာကီဘို

## ၁၂-ရာသီဟောကိန်း



**ကုမ်ရာသီဖွား**

Jan 21st မှ Feb 18th

တပို့တွဲလ

www.shweo.net



၂၀၁၃ ခုနှစ်

# ဝံ-ဇာတာဘို

၁၂-ရာသီဟောကိန်း

## ကုမ်ရာသီဖွား

## AQUARIUS

အနောက်တိုင်းသာယနစနစ်အလိုအရ ဇန်နဝါရီ(၂၁) မှ ဖေဖော်ဝါရီ (၁၈) ကြားမွေးဖွားသောသူများကို ကုမ်ရာသီဖွား **Aquarius** များဟုသတ်မှတ်သည်။ ယူရေးနပ်စ်ဂြိုဟ်မှစိုးမိုးသည်။ တတိယမြောက်ဝါယော -လေဓာတ်ဖိုသဘာဝ Third house of Positive Air ဓာတ်သဘာဝကိုဆောင်ယူသည်။ ကောင်းကင်ထက်မှ နက္ခတ်ရာသီရုပ်သည်ကား ရေအိုးထဲမှရေကို သွန်းလောင်းနေသောလူတစ်ဦးပုံဖြစ်သည်။ ကြယ်(၁၂)လုံးခြံရံ၍ ထွန်းလင်းသည်။

တိကျပြတ်သားစွာလုပ်တတ်သည်။ အတွေးအခေါ်ရင့်ကျက်သည်။ လက်တွေ့ဆန်သည်။ သူတစ်ပါးအပေါ်မှီခိုလိုစိတ်မရှိ။ စနစ်တကျစူးစမ်းလေ့လာ၍ လုပ်ကိုင်တတ်သည်။ အစဉ်အလာလမ်းရိုးမှခွဲထွက်၍ ထွန်းပေါက်မည်။ တိုးတက်သောအတွေးအခေါ်ရှိသည်။ သူတစ်ပါးအတွက် ဘဝကိုပေးဆပ်ရန်ဝန်မလေး။ ထိုရသဘာဝလွှမ်းမိုးသူများဖြစ်ပေရာ ဆုံးဖြတ်ထားပြီးကိစ္စ

အပေါ် နိုင်မာတည်ကြည်စွာ ရပ်တည်လုပ်ကိုင်လေ့ရှိသည်။ လေ - ဓာတ်ဖိုသဘာဝလွှမ်းမိုးသူများဖြစ်ပေရာ တဟုန်ထိုး အရှိန်ပြင်းစွာထိုးဖောက်လုပ်ကိုင်တတ်သည်။ အတားအဆီး မှန်သမျှကိုဖယ်ရှား၍ အလိုဆန္ဒရည်ရွယ်ချက် ပြည့်မြောက် အောင်လုပ်ကိုင်နိုင်စွမ်းရှိသည်။ အတတ်ပညာကိုအခြေ တည်၍ ဘဝအောင်မြင်မည်။ ကူညီရိုင်းပင်းတတ်သည်။ စိတ်စေတနာဖြူစင်သည်။ အတ္တမာနကင်းစင်သည်။ မွေး ရပ်ကျော်၍ အောင်မြင်ကြီးပွားမည်။ကုမ်ရာသီဖွား(၅)မျိုး ရှိသည်။

- AQUARIUS THE MYSTERY AND IMAGINATION
- AQUARIUS THE GENIUS
- AQUARIUS THE YOUTH AND EASE
- AQUARIUS THE ACCEPTANCE
- AQUARIUS THE SENSITIVITY ဟူ၍ခွဲခြား

ထားသည်။ နေ့ရက်တို့၏ ရာသီခွင်အတွင်းတည်ရှိနေသော ဒီဂရီအံ့သာအနု / အရင့်အလိုက် ပိုင်းခြားထားခြင်းဖြစ် သည်။



## AQUARIUS THE MYSTERY AND IMAGINATION

ဇန်နဝါရီလ (၂၁၊ ၂၂)ရက်နေ့တွင်မွေးဖွားသော သူများသည် စိတ်ကူးကောင်းများရှိသည်။ အတွေးအခေါ် သစ်နှင့် အရာရာကိုဖန်တီးနိုင်သည်။ နက်နဲသောကိစ္စများ ကို ဆောင်ရွက်နိုင်စွမ်းရှိသည်ဖြစ်ပေရာ(Mystery and Imagination )အံ့ထူးစိတ်ကူးဉာဏ်ရှင်များဟူ၍ သတ်မှတ် သည်။ မကာရရာသီ၃၀ - ဒီဂရီမှ ကုမ်ရာသီ ၂ - ဒီဂရီအတွင်း တည်ရှိသည်။ မကာရရာသီ၏ အဆုံး၊ ကုမ်ရာသီ၏အစ Capricorn-Aquarius Cusp တွင်မွေးသူများဖြစ်ပေရာ Capriquarian ကက်ပရီကွေးရီးယန်းများဟူ၍လည်းသတ် မှတ်သည်။

ရာသီခွင်နှစ်ခု၏ စွမ်းပကားကို ပူးတွဲပိုင်စိုးသည် ဖြစ်ပေရာ စိတ်စွမ်းအားကြီးမားသည်။ ကိုယ်ပိုင်အစွမ်းအစ ကိုအသုံးချ၍ အဆင့်မြင့်တိုးတက်မှုများဖန်တီးနိုင်မည်။ စွန့် စားမှုကိုနှစ်သက်သည်။ သူတစ်ပါးအပေါ်နားလည်မှုအပြည့် ရှိသည်။ တွေးခေါ်သုံးသပ်ချက်မှန်သမျှသည် သူတစ်ပါးနှင့် မတူသည့်အပြင် ဆန်းကျင်သောသဘာဝကိုဆောင်ယူသည်။ လမ်းရိုးလမ်းဟောင်းမှခွဲထွက်၍ သစ်လွင်သောအောင်မြင်

www.shweo.net

မှုများကို ဖော်ဆောင်နိုင်စွမ်းရှိသည်။ အတွေးအခေါ်သစ်နှင့် ဉာဏ်ကွန့်မြူးကာ ထူးထွေဆန်းကြယ်စွာဆောင်ရွက်နိုင်၏။ ခေါင်းမာလွန်းခြင်း၊ တဖွတ်ထိုးလုပ်ခြင်းများ လျှော့ရမည်။ နှလုံးသားခံစားချက်ပြင်းထန်သည်။ ကရုဏာအဟုန်ကြီးမားသည်။ မျှော်ကိုးပြီးလုပ်သောအလေ့အထမရှိ။ တမီပေါက် တစ်ယောက်ထွန်းထူးခြားသူများဖြစ်သည်။

## ■ AQUARIUS THE GENIUS

ဇန်နဝါရီလ(၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀) ရက်နေ့တွင်မွေးသူများအား ဉာဏ်ကြီးရှင်များ၊ ပါရမီထူးပိုင်ရှင်များဟုသတ်မှတ်သည်။ (The Genius)ဉာဏ်ရည်၊ ဉာဏ်သွေးနှင့် ကိုယ်ပိုင်အရည်အချင်းထက်မြက်သောသူများဟုဆို၏။ ကုမ်ရာသီ ၃-ဒီဂရီမှ ၁၀-ဒီဂရီအတွင်းမွေးဖွားသူများဖြစ်ပေရာ ကုမ်ရာသီ၏အနှစ်သာရ မူလပထမအစိတ်အပိုင်းတွင်မွေးသူများဖြစ်၍ Aquarius -I များဟုဆိုညွှန်း၏။

ပင်ကိုယ်ဉာဏ်ကောင်းသည်။ ဆန်းသစ်သောအတွေးအခေါ်ရှိသည်။ အများနှင့်မတူ တမူထူးခြားသောဉာဏ်စရိုက်ထူးကိုပိုင်ဆိုင်သည်။ သင်လျှင်၊ ပြလျှင် သိလွယ်တတ်



လွယ်သည်။ တတ်သိသောအရာကိုလည်း တစ်ပါးသူထက် နားလည်သည်။ အသုံးချနိုင်သည်။ ထပ်ဆင့်တွေးခေါ်နိုင်သည်။ ဖန်တီးနိုင်စွမ်းမြင့်သည်။ သာမန်လူတို့ ဉာဏ်မမီနိုင်သောအဆင့်ထိ ထိုးဖောက်လုပ်ကိုင်နိုင်သည်။ သီးသန့်နေတတ်သည်။ သူတစ်ပါးနှင့် ပူးတွဲလုပ်ကိုင်ခြင်းထက် တစ်ကိုယ်တော်လုပ်ကိုင်မှုစွမ်းပကား ပိုမိုမြင့်မားသည်။ အနေအထိုင်၊ အပြောအဆို ကျစ်လျစ်သည်။ ဝါကြွားခြင်း၊ မာန်မာနထောင်လွှားခြင်းမရှိ။ အပိုစကားမဆို။ ရောင့်ရဲတင်းတိမ်တတ်သော သဘာဝရှိသည်။ ပညာအတတ်တို့ကို ထဲထဲဝင်ဝင်၊ ထွန်းထွန်းပေါက်ပေါက် လုပ်ကိုင်လေ့ရှိသည်။ စူးစမ်းမှုအားကောင်းသည်။ သူတစ်ပါးအပေါ် အားကိုးလေ့မရှိ။ ဝါရင့်သူများကိုကျော်၍ ထွန်းပေါက်မည်။ ရင့်ကျက်သောသဘာဝရှိသည်။

www.shweo.net

## ■ AQUARIUS THE YOUTH AND EASE

**ဇန်နဝါရီ၃၁၊ ဖေဖော်ဝါရီ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ရက်**များတွင်မွေးသောသူများသည် လူ့လောကတွင်ထာဝရပျိုဖြစ်သောအတွေးနှင့်ဆောင်ရွက်သမျှကိစ္စအလုံးစုံအပေါ် သက်တောင့်သက်သာဖြစ်စေရန်အလို့ငှာ အမြဲတစေတွေးဆဆောင်ရွက်တတ်သူများဖြစ်ပေရာ (Youth and Ease) များဟူ၍သတ်မှတ်သည်။ ကုမ်ရာသီ ၁၁-ဒီဂရီမှ ၁၈-ဒီဂရီအတွင်းတည်ရှိသည်။ ကုမ်ရာသီ၏အနှစ်သာရ ဒုတိယပိုင်းတွင်မွေးသူများဖြစ်ပေရာ Aquarius - II များဟုသတ်မှတ်သည်။

ရည်မှန်းချက်မြင့်သည်။ အခက်အခဲများကို ဖြေရှင်းနိုင်မှုဉာဏ်ရည်ထက်မြက်သည်။ ခက်ခဲသောကိစ္စများကို လွယ်ကူချောမွေ့သွားစေရန် အမြဲတစေတီထွင်ကြံဆနေသည်။ အစဉ်ထာဝရ သစ်လွင်စွာတည်တံ့စေသည့် အလုပ်အကြံအစည်တို့ကို ဦးစားပေးလုပ်ကိုင်သော သဘာဝရှိသည်။ အေးချမ်းပျော်ရွှင်ပေါ့ပါးစွာနေထိုင်တတ်သည်။ ဇဝနညာဏ်ရွှင်သည်။ အများတကာနှစ်လိုအောင် ပြောဆိုနေထိုင်တတ်သည်။ သူတစ်ပါးမတွေးသောရှုထောင့်မှ တွေးခေါ်တတ်သည်။ စိတ်အာရုံခံစားမှုပြင်းပြသည်။ တဖွတ်ထိုး



လုပ်တတ်သည်။ အငြင်းသန်သည်။ ကပ်တီကပ်ဖဲ့ပြောတတ်သည်။ လွတ်လပ်မှုမြတ်နိုးသည်။ ဆူပူနားငြီးချုပ်ချယ်မှုအပေါ် လက်မခံ၊ ပရိယာယ်မသုံး၊ ရိုးသားဖြူစင်စွာနေထိုင်တတ်သည်။ ဟိတ်ဟန်မရှိ၊ စိုးရိမ်စိတ်မထား၊ ဖြစ်ပေါ်လာသောပြဿနာများကို လက်ငင်းဖြေရှင်းသည်။ ထိတွေ့သမျှသောဝန်းကျင်နှင့် တစ်သားတည်းကျအောင်နေထိုင်ပြောဆိုသောအလေ့ရှိသည်။

## ■ AQUARIUS THE ACCEPTANCE

**ဖေဖော်ဝါရီ (၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅)** ရက်များတွင်မွေးသောသူများသည် အခြေအနေမှန်၊ ဘဝမှန်ကို လက်ခံနိုင်စွမ်းရှိသူများဖြစ်သည်။ ရောက်ရှိနေသောဘဝအခြေအနေနှင့် တစ်သားတည်းကျအောင်ရပ်တည်နိုင်စွမ်းရှိသူများဖြစ်ပေရာ (The Acceptance)များဟုခေါ်သည်။ ကုမ်ရာသီ ၁၉-ဒီဂရီမှ ၂၆-ဒီဂရီအတွင်းတည်ရှိပေရာ ကုမ်ရာသီ၏အနှစ်သာရ တတိယပိုင်းတွင်မွေးသူများဖြစ်၍ Aquarius - III များဟူ၍ခေါ်ဆိုသည်။

သစ်လွင်သောအတွေးအခေါ်များကို လက်ခံသည်။ ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာဖြစ်ပေါ်သောအ

www.shweo.net

ကြောင်းအချက်အလက်မှန်သမျှကို မျက်ခြေမပြတ်သုံးသပ်ဆင်ခြင်၍ လူ့လောကအကျိုးသယ်ပိုးသူများဖြစ်သည်။ အကျိုးအကြောင်း၊ အကောင်းအဆိုးတို့အပေါ် ဆင်ခြင်နိုင်စွမ်းမြင့်မားသည်။ ကိုယ်သိမြင်လက်ခံထားသော အတွေးအကြံအစည်သစ်တို့ကို အခြားသူတစ်ပါးတို့ သိမြင်အသုံးချနိုင်စေရန် ဆောင်ရွက်လေ့ရှိသည်။ အစဉ်အလာလမ်းရိုးလမ်းဟောင်းအပေါ် ပုံသေငြိတွယ်ခြင်းမရှိ။ စိတ်နှလုံးဖြူစင်သည်။ ကိုယ်ကျိုးစွန့်၍ လုပ်ကိုင်သောအလေ့အထရှိသည်။ ထိတွေ့နေသောပတ်ဝန်းကျင်အပေါ် လွှမ်းမိုးနိုင်စွမ်းရှိသည်။ စကားပြောဆိုမှုနှင့် ရေးသားတင်ပြမှုအပိုင်းတို့တွင် လွန်စွာထက်မြက်သည်။ စည်းရုံးမှုစွမ်းအားကောင်းသည်။ တီထွင်နိုင်စွမ်းမြင့်မားသည်။ သွက်သွက်လက်လက် လုပ်ကိုင်တတ်သည်။

## ■ AQUARIUS THE SENSITIVITY

**ဖေဖော်ဝါရီ (၁၆၊ ၁၇၊ ၁၈)** ရက်များတွင်မွေးသောသူများသည် စိတ်အာရုံခံစားမှုမြင့်မားသည်။ စိတ်လှုပ်ရှားလွယ်သည်။ အာရုံထိသိမှုပိုင်း၌ အခြားသူတို့ထက်ပိုကဲသောသဘာဝရှိသူများဖြစ်ပေရာ (The Sensitivity) များဟူ၍



သတ်မှတ်သည်။ ကုမ်ရာသီ ၂၇-ဒီဂရီမှ ၃၀-ဒီဂရီအတွင်းတည်ရှိပေရာ ကုမ်ရာသီနှင့်မိန်ရာသီထိတွေ့သော Aquarius - Pisces Cusp တွင်မွေးသူများဖြစ်ပေရာ "Aquisces" အက်ကွေးဆစ်များဟူ၍ ခေါ်ဆိုသည်။

ဆတ်ဆတ်ထိမခံ။ စိတ်ခံစားချက်ကို ဦးစားပေးသည်။ ကိုယ့်အပေါ်သူတစ်ပါးက ဝေဖန်မှတ်ချက်ပြုသမျှအပေါ် ဆတ်ဆတ်ထိမခံ တုန့်ပြန်သည်။ ပတ်ဝန်းကျင်အပေါ် လွန်စွာအလေးထားသဖြင့် မိမိကိုယ်မိမိ အကျဉ်းချထားသည့်အလား ဖြစ်တတ်သည်။ အကြောင်းအရာတစ်ခုကို သူတစ်ပါးထက်ပိုမိုထိမိစွာ စိတ်ကူးဆောင်ရွက်နိုင်သောစွမ်းအားရှိသည်။ စနစ်တကျ ပိရိသေသပ်စွာလုပ်တတ်သည်။ ကြိုတင်အကဲဖြတ်မှုနှင့် ဆင်ခြင်သုံးသပ်နိုင်မှု စွမ်းအားမြင့်သည်။ ပညာအတတ်ကိုအခြေတည်၍ ရပ်တည်အောင်မြင်မည်။ စာပေ၊ ဘာသာစကားနှင့်ပတ်သက်သော ဝီဇပါရမီထူးရှိသည်။ မိသားစုအပေါ် သံယောဇဉ်ကြီးမားသည်။ စိတ်လိုက်မာန်ပါလုပ်ခြင်း၊ စိတ်ခံစားမှု ဦးစားပေးလွန်းခြင်းများကို လျှော့သင့်သည်။ မွေးရပ်ကိုခွာ၍ အရပ်တစ်ပါးနိုင်ငံရပ်ခြားများထိ ရောက်ရှိတွန်းပေါက်မည်။

www.shweqq.net

# ၂၀၁၂-နိဂုံး

■ ၂၀၁၂-နိဝင်ဘာ

ဆိုင်းငံ့ရပ်တန့်ထားသောကိစ္စများကို ပြန်လည်အသက်သွင်းဆောင်ရွက်၍ အောင်မြင်တိုးတက်အောင်ဆောင်ရွက်နိုင်ပါသည်။ မှားယွင်းသောဆုံးဖြတ်ချက်ကြောင့်ဖြစ်ပေါ်ခဲ့သောပြဿနာကို ပြန်လည်တည့်မတ်အောင်ဆောင်ရွက်၍ အောင်မြင်တိုးတက်ခြင်းကို ဦးတည်မည်။ လူမျိုးကွဲအကျိုးပေးမည်။ နေရာအပြောင်းအလဲနှင့်တိုးတက်မှုများဖြစ်ပေါ်မည်။ ဆန္ဒရည်ရွယ်ချက်တို့ကိုလက်တွေ့အကောင်အထည်ဖော်ရန် အခါကောင်းကျရောက်သည်။ တစ်ပါးသူနှင့်ပူးတွဲလုပ်သောလုပ်ငန်းများတွင် ထူးခြားသောအောင်မြင်မှုများရမည်။ ယှဉ်ပြိုင်သောကိစ္စများတွင်အောင်မြင်မှုများဖြစ်ပေါ်မည်။ လုပ်ငန်းခွင်မှသူများအဖို့ နေရာပြောင်းအရွှေ့ အပြောင်းအလဲဖြစ်ပေါ်မည်။ အခက်အခဲများကိုကျော်လွှားနိုင်မည်။ လွန်ခဲ့သော (၂) လအတွင်းဆုံးရှုံးခဲ့သောလုပ်ငန်း၊ ငွေကြေး၊ အခွင့်အလမ်းများပြန်လည်ရရှိမည်။ လူမျိုးကွဲနှင့်ဆက်စပ်လုပ်ကိုင်သော လုပ်ငန်းအကျိုးပေးသည်။ ခရီးသွားခြင်းအစီအစဉ်များ အောင်မြင်မည်။ အ



ရပ်ဝေး မရောက်ဖူးသောနေရာများသို့ သွားလာရောက်ရှိမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် ဆောင်ရွက်ခြင်းများအဆင်ပြေမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင်ပါဝင်နေရာယူရခြင်းရှိမည်။ ဆန့်ကျင်ဘက်ပြုသူအားလုံးကိုအနိုင်ယူနိုင်မည်။ လုပ်လိုသောဆန္ဒပြင်းထန်လျက်အချိန်အခါမကျရောက်သေး၍ မလုပ်ဖြစ်သေးသောကိစ္စမှန်သမျှကိုဆောင်ရွက်ရန်အချိန်ကာလသို့ရောက်ရှိသည်။

၂၀၁၂-နိဝင်ဘာ ၁၊ ၂၊ ၄၊ ၅၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၃၊ ၁၈၊ ၂၁၊ ၂၂၊ ၂၃၊ ၂၅၊ ၂၆၊ ၂၇ ရက်နေ့များသည် ပဋိပက္ခနှင့်ရင်ဆိုင်ရမည့် ရက်များဖြစ်သည်။ ရန်အတိုက်အခံများနှင့်ရင်ဆိုင်ရမည်။ ကိုယ့်အပေါ် မနာလိုသူများနှင့်ရင်ဆိုင်ရမည်။ ချစ်သူခင်သူရင်းနှီးသူများနှင့် ခိုက်ရန်ဖြစ်ခြင်း၊ စိတ်သဘောထားကွဲခြင်းများ ဖြစ်တတ်သည်။ ကိုယ်လုပ်သောကိစ္စမှန်သမျှ လိုက်လံအတိုက်အခံပြုခြင်း၊ ဆန့်ကျင်ဘက်လုပ်ခြင်း၊ ဝေဖန်ခြင်းပြုသူများနှင့်တွေ့မည်။ ပြဿနာဟောင်းများပြန်လည်ဖြေရှင်းရမည်။ မတွေ့လိုသူများနှင့်ပြန်လည်ဆုံတွေ့ရမည်။ ကာလအတန်ကြာ လျှော့ပါးပျောက်ကွယ်နေသော ဓရောဂါဝေဒနာဟောင်းများ ပြန်ပေါ်တတ်သည်။

နိုဝင်ဘာ ၃၊ ၇၊ ၉၊ ၁၀၊ ၁၅၊ ၁၆၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၂၉၊ ၃၀ ရက်နေ့များတွင် လက်လွှန်ထားသောငွေကြေးများပြန်ရမည်။ အခက်အခဲများဖြေရှင်းနိုင်သည်။ နေရာသစ်၊ ဝန်းကျင်သစ်သို့ကူးပြောင်း၍ တိုးတက်သောအခြေအနေရှိသည်။ ဆိုင်းငံ့ရပ်တန့်ထားသောကိစ္စများ ပြန်လည်ဆောင်ရွက်ရမည်။ အရပ်ဝေး၊ နိုင်ငံရပ်ခြားနှင့်ပူးပေါင်းဆောင်ရွက်သောအလုပ်ကိစ္စများ အထင်အရှားအောင်မြင်မည်။ ယှဉ်ပြိုင်ခြင်းအလုံးစုံအား အနိုင်ယူနိုင်မည်။ လုပ်ငန်းဟောင်းများပြန်လည်ဆောင်ရွက်နိုင်မည်။မိတ်ဆွေဟောင်း၊ လူဟောင်းနှင့်ပူးပေါင်း၍ လုပ်ငန်းစီးပွားများဆောင်ရွက်အောင်မြင်မည်။ ပျိုရွယ်သူများအဖို့ ပြတ်နေသောချစ်သူဟောင်းများနှင့်ပြန်ဆုံမည်။



■ ၂၀၁၂-ဒီဇင်ဘာ

အပြိုင်အဆိုင်အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ပြီး အခက်အခဲများဖြေရှင်းနိုင်မည်။ ရည်မှန်းထားသည်နှင့် လက်တွေ့ကွာဟမည်။ ခက်ခဲသောအနေအထားများကြုံပါက လက်မလျှော့ရ။ ပုံစံပြောင်း၍ထိုးဖောက်လုပ်ကအောင်မြင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ တိုင်းတစ်ပါးနှင့်တိုက်ရိုက်ဆက်စပ်ပြီး လုပ်သောလုပ်ငန်းများအောင်မြင်မည်။ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက် ပြဿနာများကြုံတတ်သည်။ တဖွတ်ထိုးရှေ့တိုး၍သာဆောင်ရွက်ပါ။ ကြိုတင်တွက်ဆ၍မရသော လမ်းသစ်ပေါ်ထွန်းခြင်းရှိမည်။ ကိုယ်ရေးကိုယ်တာကိစ္စများထက် တစ်ပါးသူကိစ္စများကိုပါ ပူးတွဲဆောင်ရွက်နေရမည်။ လုပ်ငန်းခွင်မှသူများအဖို့ မူလလုပ်ငန်းသာမက အလုပ်ပို၊ တာဝန်ပိုများကိုပါ ပူးတွဲဆောင်ရွက်ရပေမည်။ လုပ်ငန်းခွင်နှင့်ပတ်သက်သော ပညာသင်တန်းများတက်ရောက် အောင်မြင်မည်။ အထက်အဆင့်လစ်လပ်နေသောနေရာကို အစမ်းခန့်တာဝန်ယူရမည်။ ရှိရင်းစွဲအဆင့်ထက် ဩဇာအရှိန်ကြီးမားမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများသည် ချဲ့ထွင်လိုက်သောလုပ်ငန်းတွင် ရည်မှန်းထားသည်ထက်ပို၍ ငွေကုန်များကာ အ

www.shweo.net

နိုက်မသင့်က ကြွေးတင်မည်။ ပညာရှာသူများတွင် ထူးခြားသောပညာများရရှိမည်။ စာမေးပွဲဖြေဆိုခြင်းများ အောင်မြင်မည်။ ငွေကြေးအပေးအယူကိစ္စများတွင် လူယုံထား၍မရ။ မိသားစုကိစ္စအတွက် အချိန်ကုန်၊ ငွေကုန်လူပင်ပန်းခံ၍ လုပ်ကိုင်ရခြင်းများကြုံမည်။

၂၀၁၂-ဒီဇင်ဘာ ၂၊ ၆၊ ၈၊ ၉၊ ၁၄၊ ၁၈၊ ၁၉၊ ၂၃၊ ၂၈၊ ၂၉ ရက်များတွင်မိဘအကြီးအကဲ ကျန်းမာရေးအညံ့ရှိမည်။ အငြိုင်အဆိုင်အလွန်များမည်။ ကိုယ်ရေးကိုယ်တာကိစ္စမှန်သမျှ ဦးစားပေး၍မရ။ ငွေကုန်ကြေးကျများမည်။ တစ်ပါးသူအတွက် တာဝန်ယူပြီးလုပ်ကိုင်ပေးရခြင်းရှိမည်။ ငွေချေးကဆုံးမည်။ ငွေကြေးစာရင်းဇယားကိစ္စ အငြင်းပွားရမည်။ ထင်ရာဆိုင်း၍တဖွတ်ထိုးလုပ်ခြင်းကြောင့် အမှားများကြုံတတ်သည်။ ငွေကြေးပစ္စည်းကိုစုဆောင်းရန်ထက်ဖြုန်းတီးသုံးစွဲလိုစိတ်များ လွှမ်းမိုးနေသည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စကိုလုပ်ဆောင်ရင်း အချိန်ကုန်၊ ငွေကုန်၊ လူမှုန်းခံရခြင်းနှင့် မိသားစု၏ငြိုငြင်ခြင်းကိုခံရပေအံ့။ လုပ်နေသောအလုပ်ကိစ္စများနှင့် လားလားမှမသက်ဆိုင်သော အလုပ်ပိုများကို တာဝန်ယူဆောင်ရွက်နေရမည်။

ဒီဇင်ဘာ ၁၊ ၃၊ ၄၊ ၅၊ ၇၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၅၊ ၁၆၊ ၁၇၊ ၂၀၊ ၂၁၊ ၂၂၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၃၀၊ ၃၁ ရက်များတွင်လုပ်သမျှထင်ပေါ်မည်။ ရည်ရွယ်သမျှထွန်းပေါက်မည်။ အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်မည်။ ကြီးမြင့်သောတာဝန်များကိုလုပ်ကိုင်ရမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ ထူးခြားသောပညာရပ်များ လေ့လာတတ်မြောက်မည်။ မိသားစုနှင့်ပတ်သက်သော အလုပ်စီးပွားကိစ္စတို့ကို တာဝန်ယူဆောင်ရွက်နိုင်မည်။ ဂုဏ်ပြုချီးမြှောက်ခံရမည်။ မြှုပ်နှံထားသောလုပ်ငန်းတို့မှ ထူးခြားသောအကျိုးအမြတ်ရရှိမည်။ လုပ်ရိုးလုပ်စဉ်မဟုတ်သော ကိစ္စများကိုလုပ်ကိုင်၍ တက်လမ်းရမည်။ ပြည်ပလုပ်ငန်း၊ ပြည်ပပညာရပ်များ သင်ကြားတတ်မြောက်မည်။

www.shweo.net

# ၂၀၁၃ - နိဒါန်း

တစ်နှစ်တာအတွင်း ဖြစ်ပေါ်လာသောကံအခြေအနေနှင့် တိုးတက်မှုအလုံးစုံတို့သည် မြင့်မားသောအနေအထားနှင့် အောင်မြင်သောဘဝအခြေအနေတစ်ခုသို့ဖြစ်တည်မည်။ တစ်ခုထက်မကသောလုပ်ငန်းများကို တပြိုင်နက်တည်းလုပ်ကိုင်နေရမည်။ စိတ်ဆန္ဒရှိလျက်အခြေအနေမပေး၍လက်လျှော့ထားရသော အလုပ်ကိစ္စများကို စိတ်တိုင်းကျဆောင်ရွက်နိုင်ရန် အနေအထားကောင်းသို့ရောက်ရှိမည်။ စတင်လိုက်သောကိစ္စမှန်သမျှသည် မျှော်မှန်းသည်ထက်ပိုမို၍ အောင်မြင်သောအတိုင်းအတာကို ဖြစ်ပေါ်မည်။ အခက်အခဲများရှိက အလျှော့မပေးရ။ ဦးတည်ချက်ပြောင်း၍လည်းမလုပ်သင့်။ ကြိုးကုပ်ကြိုးပမ်းဖွဲ့နဘဲကြီးမှု၏အကျိုးဆက်အနှစ်သာရကိုရရှိမည်။ ဒုတိယတစ်ဖန်အခွင့်အရေးပေါ်ခြင်းဖြစ်ရပ်သည် ဦးတည်ရာလမ်းကြောင်းတိုင်း၌တည်ရှိပေအံ့။ ချုပ်ကိုင်လွှမ်းမိုးထားသော အနှောင်အဖွဲ့အလုံးစုံမှလွတ်မြောက်ကာ လိုရာဆန္ဒရှိသလို ဆောင်ရွက်နိုင်ပေသည်။ သမာသမတ်ကျကျ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်နိုင်လေ အကျိုးကောင်းကိုရရှိမည်။ မူလဆောင်ရွက်နေသည့်လုပ်ငန်းများတွင်လည်းကောင်း၊ အခြေတည်ထားသောနေရာတို့မှလည်းကောင်း အပြောင်းအလဲများဖြစ်ပေါ်ကာလူမျိုးကွဲ၊ ဘာသာကွဲများ၊ နိုင်ငံရပ်ခြားမှသူများနှင့်ပတ်သက်ဆက်နွယ်သော အကျိုးဆက်များကိုယ်တိုင်နှင့် မိသားစုတစ်စုလုံးတွင်ဖြစ်ပေါ်မည်။ ဥစ္စာစီးပွားဘဝအခြေအနေမြင့်မားသော အနေအထားကိုရရှိမည်။

၂၀၁၃ - တစ်နှစ်တာကာလအတွင်း ဆောင်ရွက်သောကိစ္စမှန်သမျှ၌ ကောင်းခြင်းကံကြမ္မာရစေရန် အလို့ငှာကံမွင့်ကံမြင့်၍ကံအကျိုးပေးအားကောင်းသော အခါကောင်း၊ ရက်ကောင်းတို့ကို အသင့်တွက်ချက်တင်ပြအပ်ပါသည်။

■ ယခုနှစ်အတွင်း လစဉ်လတိုင်းတွင် . . .

**1st, 2nd, 4th, 8th**

**10th, 13th, 17th, 22nd**

**23rd, 25th, 29th, 31st** ရက်နေ့များသည် ကံကောင်းစေသောရက် **Lucky Dates** များဖြစ်ပါသည်။

■ အပတ်စဉ် အပတ်တိုင်းတွင် **Saturday, Thursday, Tuesday** များသည် ကံကောင်းစေသောနေ့ **Lucky Days**

www.shweo.net

များဖြစ်ပါသည်။

■ တစ်နှစ်တာအတွင်း **February**၊ **May**၊ **July**၊ **September**၊ **November** လများသည် ကံကောင်းစေသောလ **Lucky Months** များဖြစ်ပါသည်။

ဂုဏ်းနေ့၊ ရက်၊ လများကိုအခြေတည်၍ မိမိဘဝအတွက်အရေးပါသောကိစ္စများ၊ အလုပ်အကြံအစည်များအားဆောင်ရွက်၍ ထူးထူးခြားခြား အောင်မြင်မှုများကိုရရှိပေအံ့။



www.shweo.net

## ၂၀၁၃ - ကုမ်ရာသီဖွားများအတွက် ကံအခြေအနေ

| | |
|---|---|
| အလုပ်ရေးရာ | * * * * |
| ငွေကြေး | * * * * * |
| နိုင်ငံခြားကံ | * * * * * |
| မိတ်ဆွေ | * * * |
| အိမ်တွင်းရေး | * * * * |
| မေတ္တာရေး | * * * * |
| ပညာရေး | * * * * * |
| ကျန်းမာရေး | * * * * |



# အလုပ်အကိုင်နှင့် စီးပွားရေး

ပေါ်ပေါက်လာသော အပြောင်းအလဲအလုံးစုံကို အသုံးချ၍ ကောင်းသောတိုးတက်မှုများရရှိမည်၊ ရပိုင်ခွင့်ဟောင်းများ လက်ဝယ်ပြန်လည်ရရှိမည်၊ ဦးတည်ချက်ပြောင်းလဲခြင်းမှ တိုးတက်သော အခြေအနေကောင်း ရရှိမည်၊ နေရာပြောင်း၍သော်လည်းကောင်း၊ လုပ်ကိုင်ပုံပြောင်းလဲခြင်းမှသော်လည်းကောင်း တိုးတက်ခြင်းကိုရရှိမည်၊ ရုတ်ချည်းဖြစ်ပေါ်လာသော အခြေအနေအပြောင်းအလဲများစွာနှင့်ကြုံမည်၊ ပုံသေစီစဉ်ထားသည့်အတိုင်း လုပ်၍မဖြစ်၊ အချိန်နှင့်တပြေးညီ ဆုတ် / တက်လှုပ်ရှားပြီး ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကိုရမည်၊ လုပ်ငန်းခွင်မှသူများ ဖြစ်ပေါ်လာမည်ဟုထင်မှတ်မထားသော အပြောင်းအလဲဖြစ်ရပ်များကြောင့် စိတ်အနှောင့်အယှက်များ အစပိုင်းတွင်ကြုံပြီးနောက် နဂိုထက်ပိုသော အောင်မြင်မှုများရရှိမည်၊ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့ ကာလရှည်ကြာငွေမြှုပ်နှံခြင်းများမလုပ်သင့်၊ လက်ငင်းငွေပြန်ဖော်နိုင်သော အလုပ်ကိစ္စများဆောင်ရွက်ပါ၊ အလောတကြီး လက်ဦးမှုယူပြီးလုပ်ခြင်းထက် အခြေအနေငြိမ်သက်မှုကိုတွက်ဆ၍လုပ်ပါ၊ နောက်

ကျရန်လည်းမသင့်။ ဦးတည်ချက်သစ်နှင့် လုပ်ကိုင်ခြင်းများ သည်ထူးခြားသောအောင်မြင်မှုများကို ဖြစ်ထွန်းစေသည်။ နိုင်ငံရပ်ခြားနှင့်ပတ်သက်သော အလုပ်စီးပွားများကိုအောင် မြင်စွာဆောင်ရွက်နိုင်စွမ်းရှိသည်။ (A, C, G, M, S) အက္ခ ရာနှင့်စသော မြည်ပတိုင်းပြည်များ၊ လူမျိုးများနှင့်ပူးပေါင်း လုပ်ကိုင်သောလုပ်ငန်းများမှ ကောင်းသောအကျိုးအမြတ် ရမည်။

■ **21 .3. 13 မှ 20 .4. 13 ကြား**

■ **21 .7. 13 မှ 20 .8. 13 ကြား**

■ **21 .11. 13 မှ 20 .12. 13 ကြား**ရက်များတွင်ဆန့်ကျင် ဘက်ပြုသူများနှင့်တွေ့မည်။ လုပ်သမျှနှောင့်နှေးမည်။ မ သွားလိုသောနေရာများသွားရခြင်း၊ မလုပ်လိုသောအလုပ် များလုပ်ရခြင်းရှိမည်။ ကိုယ်ဆောင်ရွက်မည့်ကိစ္စမှန်သမျှ အားသူတစ်ပါးကို လျှစ်ဟာပြောဆိုခြင်းမပြုရ။ ကိုယ့်အကြံ အားယူငင်အသုံးချ၍ လက်ဦးအောင်ဆောင်ရွက်သွားသော ကိုယ်ကျိုးရှာသူများနှင့်တွေ့ပေအံ့။ စရိုက်သဘာဝအတွေး အခေါ်မတူ ခြားနားသောသူများနှင့် ပူးပေါင်းလုပ်ကိုင်၍ လွန်စွာစိတ်မချမ်းမမြေ့ဖြစ်မည်။ မည်သည့်ကိစ္စကိုမဆို တစ်ကြိမ်မကလုပ်ရမည်။ စာရွက်စာတန်းကိစ္စ၊ ငွေကြေး



www.shweo.net

ကိစ္စများတွင် အလွဲသုံးစားလုပ်သူများ၏ပြဿနာကို ဓားစာ ခံသဖွယ်ဖြေရှင်းရမည်။

■ **21 .1. 13 မှ 18 .2. 13 ကြား**

■ **21 .6. 13 မှ 20 .7. 13 ကြား**

■ **21 .10. 13 မှ 20 .11. 13 ကြား**ကာလများတွင်အပြောင်း အလဲနှင့်တိုးတက်မည်။ ရပ်တန့်ထားသည်များ ပြန်လည် ဆောင်ရွက်နိုင်မည်။ ပြဿနာများဖြေရှင်းနိုင်မည်။ ရပ်ဆိုင်း ထားသည်များ ပြန်လည်ဆောင်ရွက်နိုင်မည်။ မြှုပ်နှံထား သည်များ၊ မြုပ်နေသောငွေများပြန်ပေါ်မည်။ စိတ်ကူးသစ် ကိုအသုံးချကာ ချက်ချင်းဆုံးဖြတ်ကာလုပ်သော လုပ်ငန်း များမှကောင်းသောအကျိုးဆက်ရရှိမည်။ ကိုယ်ပိုင်ဆုံးဖြတ် ချက်ကိုအသုံးချနိုင်သည်။ စွန့်စားဆောင်ရွက်ရန် အခါ ကောင်းကျရောက်သည်။

■ **19 .2. 13 မှ 20 .3. 13 ကြား**

■ **21 .5. 13 မှ 20 .6. 13 ကြား**

■ **21 .8. 13 မှ 20 .9. 13 ကြား**ကာလများတွင်လုပ်ငန်း နှင့်ပတ်သက်သော အတတ်ပညာများ လေ့လာအောင်မြင် မည်။ ပြည်ပလုပ်ငန်းအခွင့်အလမ်းများပွင့်မည်။ လူမျိုးကွဲ နှင့်တွဲဖက်လုပ်သူများ အကျိုးအမြတ်ကောင်းရမည်။ လုပ်

www.shweo.net

ရိုးလုပ်စဉ်မဟုတ်သည်များ ချဲ့ထွင်ဆောင်ရွက်ရမည်၊ ခက်ခဲသောပြဿနာများ ဖြေရှင်းရမည်၊ အလုပ်သစ်ချဲ့ထွင်ရန် အခါကောင်းဖြစ်သည်၊ မည်မျှကြီးကျယ်သောစိတ်ကူးအကြံအစည်များကိုဖြစ်စေ စတင်ဆောင်ရွက်ကဆုံးခန်းတိုင်မည်၊ စွန့်ဦးဆောင်ရွက်ရန်အခါသင့်သည်၊ အရင်းအနှီးနည်းပါးစွာနှင့် အကျိုးအမြတ်များစွာရသော အကြောင်းကိစ္စများ ဆောင်ရွက်နိုင်သည်၊

ကုမ်ရာသီဖွားအားလုံးတို့သည် လမ်းသစ်ထွင်၍ဆောင်ရွက်နိုင်စွမ်းရှိသည်၊ တိုးတက်သောအတွေးအမြင်နှင့်မူလဘဝအခြေအနေမှ တိုးတက်မှုရရှိအောင် အမြဲတစေကြိုးစည်နေသူများဖြစ်သည်၊ အဆက်မပြတ်ပေါ်ထွန်းလာသောစီးပွားရေးစီးကြောင်းသစ်များကို အကဲဖြတ်မြင်နိုင်စွမ်းရှိသည်၊ ငွေကြေးအတွက်အဓိကမဟုတ်ဘဲ အလုပ်အကြံအောင်မြင်မှုအတွက် ဦးစားပေးကာလုပ်ကိုင်ခြင်းဖြင့် စီးပွားဥစ္စာထွန်းကား ကြီးပွားခြင်းကိုရရှိမည်၊ လက်တွေ့ဆန်ခြင်း၊ အမြော်အမြင်ကြီးမားခြင်း၊ ဆောင်ရွက်မှုမြန်ခြင်း၊ ဇွဲလုံ့လကောင်းခြင်းတို့ကြောင့် အဆင့်မြင့်သောအောင်မြင်မှုများ အခိုင်အမာဖြစ်ထွန်းမည်၊



# လူမှုဆက်ဆံရေး

သီးသန့်နေထိုင်၍ ပတ်ဝန်းကျင်ကိုအကျိုးပြုသူများဖြစ်သည်၊ ကျယ်ဝန်းသောအသိုင်းအဝိုင်း ထားရှိသည်၊ ထဲထဲဝင်ဝင်ပေါင်းသော မိတ်ဆွေနည်းပါးသည်၊ အနစ်နာခံရဲသည်၊ တာဝန်ယူတတ်သည်၊ စိတ်မနောဖြူစင်သည်၊ သစ္စာတရားကိုတန်ဖိုးထားသည်၊ ဤသဘာဝစရိုက်တို့ကိုပိုင်ဆိုင်သော ကုမ်ရာသီဖွားအားလုံးတို့သည် ၂၀၁၃-တစ်နှစ်တာအတွင်း စေတနာ၏ရောင်ပြန်ဟပ်သော ကောင်းကျိုးကိုရပေအံ့၊ လူမျိုးကွဲမိတ်ဆွေများ တိုးပွားမည်၊ လူမှုရေးအရှုပ်အထွေးနည်းပါးစွာနှင့် အလုပ်အကြံအစည်များ ရှေ့တိုးဆောင်ရွက်နိုင်မည်၊

■ **21.3.13** မှ **20.4.13** ကြား

■ **21.7.13** မှ **20.8.13** ကြား

■ **21.9.13** မှ **20.10.13** ကြားကာလများတွင် မနာလိုသူများ၊ လိုက်လံဆန့်ကျင်သူများနှင့်ကြုံမည်၊ ပြောသမျှလုပ်သမျှ အပေါ်ပြစ်တင်ဝေဖန်ခံရမည်၊ အတိတ်ကာလဖြစ်ခဲ့ဖူးသော လူမှုရေးပြဿနာများကို ချဲ့ထွင်၍အတင်းအဖျင်းသဖွယ် ပြောဆိုကာ နာမည်ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုခံရမည်၊

www.shweo.net

■ **21.1.13 မှ 18.2.13 ကြား**

■ **21.6.13 မှ 20.7.13 ကြား**

■ **21.10.13 မှ 20.11.13** ကြားရက်များတွင် မိတ်ကောင်း၊ ဆွေကောင်းတွေ့မည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင်တာဝန်ယူရမည်။ ဝေးကွာနေသောမိတ်ဟောင်းများနှင့်ပြန်လည်ဆုံစည်းမည်။ အနောင့်အယှက်ပေးသူများကိုပယ်ရှား၍ဝန်းကျင်သစ်နှင့်ဆက်စပ်ကာ သဟဇာတဖြစ်သောမဟာမိတ်သစ်တိုးပွားမည်။

## ၂၀၁၃ - တစ်နှစ်တာအတွင်း

■ **အမည်အက္ခရာ (အ၊ ဉ၊ ဩ)** စသောသူများနှင့် မကြာခဏ စကားများရမည်။ အမြင်မတူဆန့်ကျင်ဘက်ပင်ဖြစ်မည်။ လူမှုရေးပဋိပက္ခနှင့် အရှုပ်အထွေးများဖြစ်တတ်သည်။ ပူးပေါင်းခြင်းကြောင့် နစ်နာခြင်း၊ နာမည်ပျက်ခြင်းရှိမည်။

■ **အမည်အက္ခရာ (က၊ ခ၊ ဂ၊ ဃ၊ င)** စသောသူများနှင့်ဆက်ဆံက အထူးကောင်းမည်။ ပူးပေါင်းဆောင်ရွက်သောကိစ္စမှန်သမျှမှ အဆင့်မြင့်အကျိုးဆက်များရရှိမည်။ ပူးပေါင်းဆောင်ရွက်မှုမှ တိုးပွားတိုးတက်မှုများဖြစ်ထွန်းမည်။



■ **အမည်အက္ခရာ (စ၊ ဆ၊ ဇ၊ ဈ၊ ည)** နှင့်စသောသူများထံမှ ကောင်းသောအကြံဉာဏ်များရမည်။ ပူးတွဲ၍အလုပ်စီးပွားသစ်များစတင်နိုင်မည်။ ပေါင်းစပ်ခြင်း၏ အကျိုးဆက်ကောင်းကိုရမည်။ အသက်အရွယ်ကြီးသူဖြစ်က ပို၍အကျိုးပေးမည်။

■ **အမည်အက္ခရာ (ယ၊ ရ၊ လ၊ ဝ)** နှင့်စသောသူများသည် လွန်စွာကောင်းကျိုးပြုလိမ့်မည်။ လုပ်ငန်းစီးပွားရေးသာမက လူမှုရေးနှင့် ပုဂ္ဂိုလ်ရေးရာပိုင်းတွင် မေတ္တာစေတနာထား၍ အနွံတာခံ၊ အနစ်နာခံ၍ ကောင်းကျိုးပြုပေမည်။

■ **အမည်အက္ခရာ (ပ၊ ဖ၊ ဗ၊ ဘ၊ မ)** စသောသူများနှင့် တွဲဖက်၍အလုပ်စီးပွားများ လုပ်ကိုင်နိုင်မည်။ ငွေကုန်များမည်။ လုပ်ငန်းသစ်များရဲ့ထွင်ဆောင်ရွက်ရာ၌ ပူးပေါင်းနိုင်သည်။ ပညာရပ်ဆိုင်ရာ အကြံဉာဏ်ကောင်းများရယူနိုင်သည်။

■ **အမည်အက္ခရာ (သ၊ ဟ)** စသောသူများနှင့် ခရီးကိစ္စများပူးပေါင်းဆောင်ရွက်နိုင်မည်။ အလုပ်စီးပွားထွန်းပေါက်အောင်ဆောင်ရွက်နိုင်မည်။ အမျိုးသားများဖြစ်က သင့်ရုံသာကောင်းသည်။ အမျိုးသမီးများဖြစ်က ပို၍ကောင်းသည်။

www.shweo.net

လူမျိုးကွဲဖြစ်က အထူးကောင်း၏။

■ **အမည်အက္ခရာ(တ၊ ထ၊ ဒ၊ ဓ၊ န)** စသောသူများနှင့်ပူးတွဲလုပ်ကိုင်၍ အလွဲလွဲအချော်ချော်ဖြစ်မည်၊ ပတ်သက်လိုက်တိုင်းပြဿနာကြုံမည်၊ ကိုယ့်အပေါ်အပြစ်ပုံချကာ ကိုယ်လွတ်ရုန်းသွားလိမ့်မည်၊ ဆုံးရှုံးနစ်နာမည်၊ လူမှုရေးပြဿနာများလည်းရှိမည်၊

မှတ်ချက်၊ ။ **ကုမ်ရာသီ (Aquarius)**၊ **မေထုန်ရာသီ (Gemini)**၊ **သိဟ်ရာသီ (Leo)**၊ **တူရာသီ (Libra)** ဖွားများဖြစ်ပါက မည်သည့်အမည်အက္ခရာနှင့် စသောသူဖြစ်စေ၊ မည်သည့်နေ့မွေးသောသူဖြစ်စေ မိမိအတွက်ရေရှည်ကောင်းကျိုးပေးသော ထာဝရမိတ်ဖက်များဖြစ်ပါသည်၊



# အချစ်ရေး၊ မေတ္တာရေး

ကိုယ်ကျိုးကိုထည့်မတွက်ဘဲ ပကတိတည်ကြည်သောနှလုံးသားကို ပိုင်ဆိုင်သူများဖြစ်ပေရာ **The dispassionate lover** များဟုသတ်မှတ်သည်၊ တစိုက်မတ်မတ်မြင့်မြတ်စွာချစ်တတ်သောသူဟူ၍ သတ်မှတ်သည်၊ ပေးဆပ်သောနှလုံးသားပိုင်ရှင်ဖြစ်သည်၊ အချစ်ကိုလှစ်ဟပြောဆိုရန်နှုတ်နှေးမည်၊ အရှက်အကြောက်ကြီးမည်၊ ပလီပလာတီတီတာတာမပြောတတ်၊ တည်တံ့ခိုင်မြဲသောမေတ္တာကိုလိုလားသည်၊ အချစ်ကိုအပျော်ဆော့ကစားစရာဟုမမြင်၊ ချစ်သူများများမထားတတ်၊ သစ္စာထားခြင်းတစ်ခုကိုသာပြသနိုင်သည့်အေးအေးစက်စက်ချစ်သူဖြစ်ပေရာ ပျော်ရွှင်ရင်ခုန်မှုကိုလိုလားသည့် တွဲဖက်ချစ်သူ၏အလိုမကျမှုကိုအမြဲတစေခံယူရကိန်းရှိမည်၊

■ **21 .4. 13 မှ 20 .5. 13 ကြား**

■ **21 .6. 13 မှ 20 .7. 13 ကြား**

■ **21 .10. 13 မှ 20 .11. 13 ကြား** ကာလများတွင်နားလည်မှုအပြည့်ရှိသူများနှင့်ကြုံမည်၊ အပေးအယူညီညွတ်သောချစ်သူနှင့်ဆုံစည်းမည်၊ ရေရှည်လက်တွဲနိုင်သည့် မေတ္တာ

ရေးကိစ္စများကြုံမည်၊ နှစ်ဦးကြားဖြစ်ပေါ်နေသည့် အငြင်းပွား ဆိုများ လျှော့ပါးပျောက်ကွယ်မည်၊ အထီးကျန်အရွယ်ရင့် များ စန်းပွင့်သောကာလဖြစ်သည်၊ ဘဝတွင်အမှန်တကယ် ဆုံစည်းရန်အခွင့်အလမ်းသာသည့် ဖူးစာရှင်စစ်စစ်တို့နှင့် တွေ့ဆုံရကိန်းရှိသည်၊ ပျို့ရွယ်သူများအဖို့ ခရီးသွားစဉ် စန်းပွင့်ခြင်းများရှိမည်၊ ချစ်သူမှချန်ထားခဲ့၍ ကြေကွဲခြင်းနှင့် အထီးကျန်မှုရှိသူများ အချစ်သစ်ပေါ်မည်။

■ 1 .1. 13 မှ 20 .1. 13 ကြား

■ 21 .3. 13 မှ 20 .4. 13 ကြား

■ 21 .9. 13 မှ 20 .10. 13 ကြား ရက်များတွင် စိတ်အနှောင့် အယှက်များရှိမည်၊ နှစ်ဦးအကြားဖြေရှင်းရခက်သော ပြဿနာများ၊ ပဋိပက္ခများရှိမည်၊ အပြန်အလှန်နားလည်မှုလွဲမှားမည်၊ စိတ်ကောက်နေသူအား အမျက်ပြေစေရန်ချော့မော့ခြင်းမပြုတတ်သောကြောင့် ပြန်လည်အဆင်ပြေမှုမရှိဘဲတစစ ဝေးကွာသွားတတ်သည်၊ ကိုယ်တိုင်တွင်လည်း အချစ်သစ်ကို ရှာဖွေလိုစိတ်ပေါ်ထွန်းမည်၊ အရွဲ့တိုက်ခြင်းကြောင့်အမှားကြုံတတ်သည်၊ အေးတိအေးစက်နေခြင်းကြောင့်ဖြစ်ပေါ်လာသော အဆိုးဖြစ်ရပ်များကြုံမည်၊ ခွေတ္တ ယာယီခွဲနေရာမှ ဝေးကွာရခြင်းကြုံမည်။



www.shweo.net

ကုမ်ရာသီဖွားတို့သည် အချစ်ရေး၊ မေတ္တာရေးတွင် အဖျက်၊ အနှောင့်အယှက်များသည်၊ တစ်ဦးတည်း၊ တစ်ယောက်တည်းကိုသာ စွဲမြဲစွာမေတ္တာထားလိုလင့်ကစား အချစ်ကံအားနည်းမှုကြောင့် ချစ်သူအပြောင်းအလဲပြုရတတ်သည်၊ အချစ်ဦးနှင့်ဝေးကွာသွားပြီးမှ ပြန်လည်ဆုံစည်းခြင်းလည်းဖြစ်တတ်သည်၊ အားနည်းသူအပေါ် မေတ္တာ ညွတ်၍ ဦးစားပေးတတ်သည်၊ ကြွယ်ဝချမ်းသာခြင်းနောက် မလိုက်၊ ဂုဏ်အရှိန်အဝါအောက် ခိုလှုံခြင်းမပြု၊ စစ်မှန်သော မေတ္တာကိုသာဦးစားပေး၍ အိမ်ထောင်ဘက်ကိုရွေးချယ်လေ့ရှိသည်၊ အရာရာပေးဆပ်၍ အလိုလိုက်အကြိုက်ဆောင်တတ်ပေရာ ကုမ်ရာသီဖွားနှင့် မေတ္တာမျှနေသူများအဖို့ လွန်စွာကံကောင်းသည်၊ အသက် ၂၀ မှ ၂၃ ကြား၊ ၂၆ မှ ၃၀ ကြား၊ ၃၀ မှ ၃၆ ကြား၊ ၃၉ မှ ၄၄ ကြား၊ ၄၇ မှ ၄၉ ကြား ကာလများသည် ကုမ်ရာသီဖွားလူလွတ်များအဖို့ ချစ်ခြင်းမေတ္တာကံကောင်းမည်။

www.shweo.net

## ပညာရေး

ဉာဏ်ရည်ထက်မြက်သည်။ စိတ်ကူးအကြံဉာဏ်ကောင်းများနှင့် ထွန်းထွန်းပေါက်ပေါက် လုပ်ကိုင်နိုင်စွမ်းရှိသည်။ သင်ကြားတတ်မြောက်ထားသည်ကို အသုံးချနိုင်စွမ်းရှိသည်။ ပညာရပ်အသစ်များအပေါ် လေ့လာလိုစိတ်ရှိသည်။ ကိုယ်ဝါသနာသန်ရာအပေါ် အနုစိတ်၊ အသေးစိတ်လေ့လာပြီး ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင် လုပ်ကိုင်နိုင်သည်။ ကုမ်ရာသီဖွားများကို ဉာဏ်ပါရမီထူးသူများဟုသတ်မှတ်သည်။ သမားရိုးကျ ကျောင်းပညာအတတ်သာမက အဆင့်မြင့်အတတ်ပညာများကို လေ့လာရန်ပါရမီထူးပေရာ ပညာရေးဘက်ကိုဦးစားပေး၍ စနစ်တကျလုပ်ကိုင်သင့်လှသည်။ ယခုနှစ်အတွင်း ပညာရေးကံအထူးကောင်းသည်။ ထူးကဲစွာအောင်မြင်နိုင်ခြင်းနှင့် တိုးတက်ခြင်းများဖြစ်ထွန်းမည်။ ပညာနှင့်ဝေးကွာနေသောသူများပင်လျှင် ထူးခြားသောအတတ်များ သင်ကြားရရှိပေမည်။

■ **21 .3. 13 မှ 20 .4. 13 ကြား**

■ **21 .5. 13 မှ 20 .6. 13 ကြား**

■ **21 .7. 13 မှ 20 .8. 13 ကြား**ရက်များတွင် ကျန်းမာရေး



အညာများဖြစ်ပေါ်မည်။ စိတ်ပျံ့လွင့်လွယ်သည်။ သင်ကြားနေသောဘာသာရပ်နှင့် သက်ဆိုင်မှုမရှိသောပညာရပ်များအပေါ် အချိန်ပေးလေ့လာမှုကြောင့် မူလပညာအရင်းအမြစ်တွင်အညံ့ရှိတတ်သည်။ အိမ်တွင်းရေး၊ လူမှုရေး အနှောင့်အယှက်များကြောင့် ပညာရေးတွင် အားနည်းချက်ရှိမည်။ ပညာရပ်လမ်းကြောင်းပြောင်းလဲ၍လုပ်ကိုင်ရာမှ အနှောင့်အယှက်ဖြစ်နိုင်သည်။ စာကြည့်ချိန်များတွင် အနှောင့်အယှက်တစ်မျိုးမဟုတ်တစ်မျိုးဝင်လာမည်။ ဤကာလများအတွင်း စာမေးပွဲဖြေဆိုရန်များရှိက ကြိုတင်ပြင်ဆင်ရမည်။

■ **19 .2. 13 မှ 20 .3. 13 ကြား**

■ **21 .9. 13 မှ 20 .10. 13 ကြား**

■ **21 .11. 13 မှ 20 .12. 13 ကြား**ရက်များတွင် ပညာရေးကိစ္စများ ထူးချွန်စွာဆောင်ရွက်နိုင်မည်။ ဆရာကောင်းတွေ့မည်။ အချိန်ပေး၍လုပ်သလောက် ထွန်းပေါက်သောအနေအထားကြုံမည်။ ကျောင်းအပြောင်းအရွှေ့ပြုခြင်း၊ ရပ်ဝေးနိုင်ငံရပ်ခြား ပညာရေးဆောင်ရွက်ခြင်းအတွက် အထူးကောင်းသည်။ တစ်ပြိုင်နက်တည်းတစ်ခုထက်မကသောအတတ်ပညာများကို ဆောင်ရွက်အောင်မြင်နိုင်မည်။ ဘွဲ့လွန်ပညာဆောင်ရွက်နေသူများ၊ လုပ်ငန်းခွင်နှင့်ပတ်သက်သော

www.shweo.net

သင်တန်းတက်ရောက်သူများ ကြိုးစားသလောက် ထွန်းပေါက်မည်၊ ဆိုင်းငံ့ရပ်တန့်ထားသော ပညာများကို ပြန်လည်ဆောင်ရွက်အောင်မြင်နိုင်မည်။

ကုမ်ရာသီဖွားများသည် ပုံမှန်အတတ်ပညာများသာမက ရှေးဟောင်းနက်နဲသောပညာရပ်များကို လေ့လာတတ်မြောက်နိုင်သည်။ အတွေးအခေါ်ပညာရပ်များ၊ ဘာသာစကားပညာရပ်များနှင့်တကွ တွက်ချက်မှုအတတ်ပညာများ၊ ဓေတ်မီသိပ္ပံနည်းပညာများတွင် ပညာအာရုံကျက်စား၍ တောက်ကြွားထွန်းပနိုင်သည်။ စာကြည့်သောနေရာဝန်းကျင်တွင် လေတွင်ပျံ့ဝဲနေသောငှက်ပုံထားရှိ၍ စာကြည့်နိုင်သည်၊ ကျောင်းသုံးစာအုပ်၊ ဖတ်စာအုပ်တို့ကြားတွင် ငှက်အတောင်မွှေးကိုထားရှိနိုင်သည်။ **A, B, C, U, S, J** အက္ခရာနှင့်စသော ပြည်ပနိုင်ငံရပ်ခြားများသို့ ပညာသင်ကြားနိုင်မည်။ လုပ်ငန်းတစ်ဖက်၊ ပညာတစ်ဖက်ပူးတွဲ၍ ဘဝတိုးတက်မှုကို ရှာဖွေနိုင်စွမ်းရှိသူများဖြစ်သည်။



## အိမ်တွင်းရေး၊ မိသားစုရေး

ရိုးဖြောင့်အေးချမ်းစွာနှင့် မိသားစုအပေါ်ကောင်းကျိုးပေးခြင်းရှိမည်။ မောင်နှမသားချင်းများမှအစ ကိုယ့်အပေါ်အလေးထား၍ တလေးတစားဆက်ဆံရသည့်အခြေအနေရှိမည်။ ဆွေမျိုး၊ အသိုင်းအဝိုင်းအပေါ် မှီခိုသူမဟုတ်၊ မြင့်မားသောမိသားစုအဆက်အနွယ်မှဖြစ်ပါကလည်း မိဘမျိုးရိုးတို့ကိုထိန်ဝှက်၍ သာမန်လူသဖွယ် နေထိုင်တတ်သည်။ ကိုယ့်အတွက်ကြောင့် မိဘဝန်းကျင်ဂုဏ်သိက္ခာကျမည်ကို လွန်စွာစိုးထိတ်သည်။ ငယ်စဉ်မှစ၍ တတ်အားသမျှ မိသားစုအပေါ် အထောက်အကူပြုဦးစားပေးသောသူဖြစ်သည်။ အတွေးအခေါ်၊ အယူအဆသဘောသဘာဝအားလုံးတို့သည် မိဘ၊ မောင်နှမသားချင်းတို့နှင့်မတူ ဆန့်ကျင်ဘက်ဖြစ်နေလိမ့်မည်။ အလုပ်တစ်ခုတည်းတွဲလုပ်၍မရ။ မိဘလက်ငုတ်ယူငင်လုပ်ကိုင်က ကိုယ့်လက်ထက်တွင်အရာရာအသွင်ပြောင်းပြီးမှ ပုံစံသစ်နှင့်လုပ်လေ့ရှိသည်။ အပိုစကားမဆိုတတ်၊ သီးသီးသန့်သန့်နေတတ်သည်။ တစ်မိုးအောက်အတူတကွနေသူအချင်းချင်းကိုပင် လိုအပ်ပါမှ စကားပြောလေ့ရှိသည်။ မောင်နှမသားချင်းတွင်ဖြစ်စေ အနီးကပ်အတူ

www.shweo.net

နေဆွေမျိုးဖြစ်စေ စရိုက်ဆိုး၍ လွန်စွာဒုက္ခပေးသူတစ်ဦးတစ်ယောက်သော်လည်းကောင်း၊ မွေးရာပါဝေဒနာဆိုးတစ်ခုခုပါရှိလေ့ရှိသည်။ ဆွေမျိုးသားချင်းများနှင့် မိမိအကြားမကြာခဏပဋိပက္ခဖြစ်တတ်သည်။ ပြန်မပြော နားမထောင်ထင်ရာစိုင်းသူများဖြစ်ပေရာ မိဘ၊ မောင်နှမသားချင်းများနှင့် မကြာခဏ ပဋိပက္ခဖြစ်တတ်သည်။ အရွယ်ငယ်ငယ်နှင့်ပင် မိသားစုအပေါ် အပြည့်အဝတာဝန်ယူနိုင်သည်။

■ **21 .1. 13 မှ 18 .2. 13** ကြား

■ **21 .6. 13 မှ 20 .7. 13** ကြား

■ **21 .10. 13 မှ 20 .11. 13** ကြားရက်များတွင် မိသားစုပိုင်ဆိုင်မှုများ တိုးပွားမည်။ ဆုံးရှုံးနစ်နာထားသည်များ ပြန်လည်ထေမိကာမိမည်။ ဝန်ထမ်းရှိက ရာထူးတိုးတက်မည်။ နေရာကောင်းသို့ပြောင်းရွှေ့ရမည်။ အိမ်ပြင်ခြင်း၊ အသစ်တိုးချဲ့ခြင်းများ ဆောင်ရွက်အောင်မြင်မည်။ မြေ၊ ကား၊ အခန်းအသစ်တိုးပွားမည်။ မိသားစုလိုက် ပြည်ပနိုင်ငံရပ်ခြားခရီးကိစ္စများပေါ်ပေါက်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ အရပ်တစ်ပါးရောက်ရှိနေသူထံမှ ကောင်းသောသတင်းစကားကြားရမည်။ မိသားစုလိုက်ရပ်ဝေးခရီး၊ ပြည်ပခရီးများသွားရောက်ရမည်။



■ **21 .3. 13 မှ 20 .4. 13** ကြား

■ **21 .7. 13 မှ 20 .8. 13** ကြား

■ **21 .11. 13 မှ 20 .12. 13** ကြားရက်များတွင် ရန်ပဋိပက္ခများတတ်သည်။ အလိုက်မသိသောဧည့်သည် အိမ်သို့ရောက်ရှိမည်။ မိသားစုအလုပ်တွင်လည်းကောင်း၊ နေအိမ်တွင်လည်းကောင်း ဒုက္ခပေးသူများရောက်လာတတ်သည်။ အချင်းချင်းစကားများရမည်။ အိမ်တွင်းရေးပဋိပက္ခများရှိမည်။ ဆွေမျိုးအကြီးအကဲ ကျန်းမာရေးအညံ့ရှိမည်။ မိသားစုအသိုင်းအဝိုင်းကိုဆန့်ကျင်၍ လူမှုရေးအရှုပ်အရှင်းပြုသော မောင်နှမသားချင်းအတွက် အချိန်ကုန်၊ စိတ်ပင်ပန်းခံပြီးဆောင်ရွက်ရခြင်းရှိလိမ့်မည်။ မိသားစုပိုင်ပစ္စည်းအတွက် ရုံးရောက်၊ ဂါတ်ရောက်လိုက်လံဖြေရှင်းရလိမ့်မည်။

www.shweo.net

## ၂၀၁၃ - ကုမ်ရာသီဖွားတို့အတွက် ရေးရာအဖြာဖြာ ကံအခြေအနေ

| လ / ရေးရာ | Jan | Feb | Mar | Apr | May | June | July | Aug | Sept | Oct | Nov | Dec |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ် | ကောင်း | ကောင်း | ကောင်း | သင့် | ကောင်း | သင့် | ကောင်း | ညံ့ | ကောင်း | ကောင်း | ကောင်း | ကောင်း |
| ငွေကြေး | ကောင်း | ကောင်း | ညံ့ | ညံ့ | သင့် | ညံ့ | ကောင်း | ညံ့ | ကောင်း | ကောင်း | ကောင်း | ညံ့ |
| မေတ္တာရေး | ညံ့ | ကောင်း | သင့် | ညံ့ | ကောင်း | သင့် | ကောင်း | သင့် | ကောင်း | ညံ့ | ကောင်း | ကောင်း |
| အိမ်ထောင်ရေး | သင့် | ကောင်း | သင့် | ညံ့ | ကောင်း | သင့် | ကောင်း | ညံ့ | သင့် | သင့် | ကောင်း | ကောင်း |
| မိသားစုရေး | သင့် | ကောင်း | သင့် | ညံ့ | ကောင်း | ညံ့ | ကောင်း | ညံ့ | သင့် | သင့် | ကောင်း | သင့် |
| လူမှုရေး | ညံ့ | ကောင်း | သင့် | ညံ့ | ကောင်း | ညံ့ | သင့် | ညံ့ | သင့် | ညံ့ | သင့် | ညံ့ |
| ပညာရေး | ကောင်း | ကောင်း | ကောင်း | သင့် | ကောင်း | သင့် | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | ကောင်း |
| နိုင်ငံခြားကံ | ကောင်း | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | ကောင်း | သင့် | ကောင်း | ကောင်း | ကောင်း | ကောင်း |
| ကျန်းမာရေး | သင့် | သင့် | သင့် | သင့် | ညံ့ | သင့် | ကောင်း | ညံ့ | သင့် | သင့် | သင့် | သင့် |
| ထီကံ | သင့် | ကောင်း | ညံ့ | ညံ့ | ကောင်း | ညံ့ | ကောင်း | ညံ့ | ကောင်း | သင့် | ကောင်း | ညံ့ |



## ၂၀၁၃ - အသေးစိတ်ဟောကိန်း

### ■ Jan 1st မှ Jan 7th ကြား

အခွင့်အလမ်း(၂)မျိုးပေါ်မည်၊ ပထမရပ်တည်ဆုံးဖြတ်ထားသည့်အတိုင်း ရှေ့တိုးပါ၊ စာချုပ်စာတမ်းများအသစ်ပြင်ဆင်ရမည်၊ ရင်းနှီးသူများနှင့် စကားများရမည်၊ လူမျိုးကွဲအကျိုးပေးမည်၊ ခရီးကိစ္စအဆင်ပြေမည်၊ မတော်တဆထိခိုက်မှု ဂရုစိုက်ရမည်၊ ညအချိန်အပျော်သွားလာခြင်းမပြုရ၊ အန္တရာယ်ရှိတတ်သည်၊ ကိုယ့်အမှုမဟုတ်ဘဲ ရှုံးရောက်ဂါတ်ရောက်ဖြစ်မည်၊ အိုးအိမ်နေရာထိုင်ခင်းကိစ္စ စကားပြောရမည်၊ မတင်မကျဖြစ်နေသောကိစ္စများကို ယတိပြတ်ဆုံးဖြတ် အဖြေရှာနိုင်မည်၊ ချစ်သူနှင့်စကားများ၍ လမ်းခွဲရမည်၊ ယခင်အတိတ်ချစ်သူဟောင်းနှင့် ပြန်တွဲဖြစ်မည်၊ လူမျိုးကွဲမိတ်ဆွေများ အကျိုးပေးမည်၊

### ■ Jan 8th မှ Jan 14th ကြား

အလွဲလွဲအချော်ချော်ဖြစ်မည်၊ လုပ်နိုင်စွမ်းရှိသလောက် မလုပ်ဖြစ်၊ အခက်အခဲများကို ဖြေရှင်းရမည်၊ ရန်အတိုက်အခံများရှိနေဆဲဖြစ်သည်၊ စေတနာအပေါ် တန်ဖိုး

www.shweo.net

မထားသူများနှင့်တွေ့မည်၊ သင်ထားသောပညာနှင့် လားလားမှမဆိုင်သောအလုပ်ကိုရမည်၊ မျှော်လင့်ထားသည်နှင့် လုံးဝမတူခြားနားသောအကျိုးထူးရရှိမည်၊ ဖောက်ထိုးချိုတ်ဆွဲရသောပစ္စည်းတစ်မျိုး လက်ဆောင်ရမည်၊ ရရှိပြီးရက်ပိုင်းအတွင်း အလုပ်စီးပွားအလုံးစုံအဆင်ပြေသွားမည်၊ မိဘပတ်ဝန်းကျင်မှ သဘောတူနိုင်ခြင်းမရှိသူနှင့် မေတ္တာမျှမည်၊ အပျောက်အရှများမည်၊ ယာဉ်ကားမောင်းနှင်မှုသတိရှိပါ။ လုပ်ငန်းမရှိသူလုပ်ငန်းရ၍ လုပ်ငန်းရှိသူဝင်ငွေတိုးမည်၊

## ■ Jan $15^{th}$ မှ Jan $21^{st}$ ကြား

လုပ်နေသောလုပ်ငန်းအချို့ရပ်တန့်၍ လမ်းကြောင်းသစ်ကိုဦးတည်ဆောင်ရွက်ပါ။ ခက်ခဲသောလုပ်ငန်းများ ဦးစားပေးဖြေရှင်းရန် အခါကောင်းကျရောက်သည်၊ ယှဉ်ပြိုင်ဆောင်ရွက်သောကိစ္စမှန်သမျှ အောင်မြင်ခြင်းရှိမည်၊ အတတ်ပညာကိုအသုံးချ၍ အဆင့်မြင့်သော တက်လမ်းရမည်၊ အနက်ရောင်ပေါ်တွင် ပန်းပွင့်ပုံပါသောပစ္စည်းမှန်သမျှကိုသုံးစွဲစဉ် သတိရှိပါ။ မတော်တဆအန္တရာယ်များဖြစ်တတ်သည်၊ ကြီးကဲသူများ ကျန်းမာရေးအညံ့ရှိကမပေါ့ရ၊ ယာဉ်



ကားထိခိုက်မှုအန္တရာယ် အထူးသတိရှိရမည်၊ ငွေကြေးစုဆောင်းရန်ခက်ခဲမည်၊ ကာလအတန်ကြာ စုဆောင်းသိမ်းဆည်းထားသည်များကို သူတစ်ပါးအတွက် သုံးစွဲရလိမ့်မည်၊

## ■ Jan $22^{nd}$ မှ Jan $28^{th}$ ကြား

သူတစ်ပါးစကားကတိများကို ယုံစားခြင်းငှာမသင့်၊ လူလိမ်လူကောက်သတိရှိပါ။ လက်ပြောင်းလက်လွှဲပြုသောအခါများတွင် စနစ်တကျစစ်ဆေးပြီးမှ လက်ခံပါ။ ငွေကြေးစာရင်းဇယား အရှုပ်အထွေးများဖြစ်တတ်သည်၊ စကားရှုပ်သူများနှင့်တွေ့မည်၊ အိမ်တွင်းရေးအပူရှိသည်၊ ဥပဒေနှင့်ဆန့်ကျင်သောကိစ္စမှန်သမျှရှောင်ပါ။ ရန်ပြုသနားများရှိမည်၊ လိုက်လံဒုက္ခပေးသူများ အပြစ်ရှာအန္တရာယ်ပြုသူများအကြားရောက်ရှိနေသည်၊ မာယာများ၍ လှည့်စားညက်များသောသူများ ထောင်ချောက်အတွင်း သက်ဆင်းကိန်းရှိသည်၊ သေဆုံးနေသောငှက်တစ်ကောင် နေထိုင်ရာအိမ်ရှေ့တွင်တွေ့က အထူးသတိရှိပါ။ ရန်ပြုသနားကြုံခြင်း၊ ရန်မူခံရခြင်းများရှိမည်၊

www.shweo.net

## ■ Jan 29th မှ Feb 4th ကြား

အလှူမင်္ဂလာကိစ္စများကြုံမည်။ မေတ္တာရေးကံကောင်းမည်၊ မိတ်ဆွေကောင်းတိုးပွားမည်၊ အမျိုးသမီးမိတ်ဆွေအကြီးအကဲထံမှ အထောက်အကူရရှိမည်။ အချစ်သစ်နှင့်အဆင်ပြေနေရာမှ ချစ်သူဟောင်း၏အနှောင့်အယှက်များကြုံတွေ့မည်။ အိမ်ထောင်သည်များအဖို့ အပြန်အလှန်ပဋိပက္ခဖြစ်စရာအခြေခံဖြစ်ရပ်များကြုံတွေ့မည်။ ဘေးစကား၊ သွေးသားရှုပ်ထွေးမှုကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်၊ လူမျိုးကွဲနှင့်ဆက်စပ်သောလုပ်ငန်းများမှ ထင်ရှားသောအကျိုးရမည်။ လုပ်ရိုးလုပ်စဉ်မဟုတ်သောကိစ္စများမှ ဖြစ်ပေါ်သောပြဿနာများကို ချက်ချင်းဖြေရှင်းပါ။ အာမခံခြင်း၊ တာဝန်ယူခြင်းမပြုရ။

## ■ Feb 5th မှ Feb 11th ကြား

အဆုံးသတ်ခါနီးမှ အနှောင့်အယှက်များကြုံမည်။ အနီးကပ်ရန်ကြောင့် အပြီးသတ်ရန်ခဲယဉ်းမည်၊ စီမံထားသည်တစ်မျိုး၊ လက်တွေ့ဆောင်ရွက်ရသည်တစ်မျိုးဖြစ်မည်။ အရေးကြီးသောစာရွက်စာတမ်းများ ပျောက်ရတတ်သည်။ မိသားစုအကြီးအကဲတို့၏ ကျန်းမာရေးကိုဂရုစိုက်ပါ။



… ခန်းအရောင်းအဝယ်ကိစ္စများ ကြားဝင်ပတ်သက်ခြင်းမပြုရ။ အမှုများမည်၊ ငွေကြေးအပေးအယူကိစ္စများတွင် စနစ်တကျစစ်ဆေးပြီးမှဆောင်ရွက်ပါ။ ကိုယ်မလုပ်သောကိစ္စလုပ်သယောင်၊ မပြောသောကိစ္စပြောသယောင်ဖြစ်ပေါ်လာသောကိစ္စများကို ရင်ဆိုင်ဖြေရှင်းရမည်။ ကိုယ်ကျင့်တရားနှင့်သိက္ခာအပေါ် ထိပါးလာသူများအား သည်းခံခြင်းဌာမသင့်။

## ■ Feb 12th မှ Feb 18th ကြား

ဆောင်ရွက်မှုမှန်သမျှ အောင်မြင်မည်။ အခက်အခဲများစွာကို ကျော်လွှားနိုင်မည်။ ရန်ပဋိပက္ခများ ပယ်ရှားနိုင်မည်။ ငွေပေးငွေယူကိစ္စမှန်သမျှ သတိရှိပါ။ နာမည်ပျက်အောင်ဆောင်ရွက်သူများရှိနေသည်၊ အမည်အလွဲသုံးစားလုပ်သူများနှင့် ကြုံတတ်သည်။ အလုပ်အကြံအစည်အောင်မည်၊ ထူးထူးခြားခြားငွေဝင်မည်။ အဆင့်မြင့်အတတ်များတတ်မြောက်ပြီး ငွေကြေးပြည့်စုံသူများ၏ အောက်တန်းကျစွာဆောင်ရွက်မှုကို မျက်ဝါးထင်ထင်တွေ့ရမည်။ ပညာတတ်ဉာဏ်မဲ့သူများ၏ အနှောင့်အယှက်ပေးမှုများကြုံတတ်သည်။ အတ္တကြီးမားသောသူများကြောင့် လုပ်ငန်းများနှောင့်

www.shweo.net

နေးမည်၊ သူတစ်ပါးနှင့် ပူးပေါင်းလုပ်ခြင်းထက်တစ်ဦးတည်း လုပ်ခြင်းက ပိုမိုအဆင်ပြေမည်။

## ■ Feb 19th မှ Feb 25th ကြား

နိုက်ရန်ဖြစ်ပေါ်မှုများကြုံမည်၊ ရှောင်ပါ။ တစ်ဖက်သူ၏ သိက္ခာမဲ့စွာပြောဆိုဆောင်ရွက်မှုများအပေါ် တုံ့ပြန်ရန်ပြုက အမှားကြုံမည်။ ဆောင်ရွက်နေသောလုပ်ငန်းများ ရပ်တန့်သွားမည်၊ မတော်တဆထိခိုက်မှုအန္တရာယ်ကြုံမည်။ ပစ္စည်းလျောင်ခြင်း၊ ဈေးကစားခြင်းမပြုရ၊ အရောင်းအဝယ်ကိစ္စ၊ လုပ်ငန်းကိစ္စများတွင် ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။ ယုံကြည်လွှဲအပ်ထားခြင်းအပေါ် အလွဲသုံးစားပြုခံရမည်၊ ပိုင်ဆိုင်သောပစ္စည်းအား ငှားရမ်းယူငင်၍ ပြန်မပေးသောသူများနှင့်ကြုံမည်။ ယာဉ်၊ စက်ပစ္စည်းများအပျက်အစီးများမည်၊ အချစ်ရေး၊ မေတ္တာရေး အရှုပ်အထွေးများကြုံမည်။ စီမံကိန်းနှင့်လုပ်၍မရ၊ ပေါ်ပေါက်သည့်အခြေအနေအပေါ် စနစ်တကျသုံးသပ်၍ ဦးတည်ချက်ပြောင်းကာ လုပ်ကိုင်ပါ။



## ■ Feb 26th မှ Mar 3rd ကြား

အကြံသစ်၊ ရည်ရွယ်ချက်သစ်များလက်တွေ့အကောင်အထည်ဖော်နိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်၊ လုပ်ငန်းအဆင့်ဘဝအခြေအနေတိုးတက်မှုများရှိမည်။ကိုယ်ပိုင်အစွမ်းကိုအခြေတည်၍ စတင်လုပ်ကိုင်သောကိစ္စများမှ ရေရှည်အကျိုးပေးသောအခြေအနေသို့ရောက်ရှိမည်။ပညာအတက်နှင့်ပတ်သက်သော တိုးတက်မှုရှိမည်၊ အိုးအိမ်နေရာထိုင်ခင်းပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်းများဆောင်ရွက်ရမည်၊ ငွေကြေးကိစ္စအတွက် ပြောဆိုရန်အခါသင့်သည်၊ အလုပ်သစ်မှ ထူးခြားသောတိုးတက်မှုများရရှိမည်၊ ဦးတည်ချက်ပြောင်း၍ ဆောင်ရွက်သောကိစ္စမှန်သမျှမှ ကောင်းသောအကျိုးဆက်ရမည်။

## ■ Mar 4th မှ Mar 10th ကြား

လွန်ခဲ့သော(၂)လတာကာလအတွင်း ဆုံးရှုံးနစ်နာထားသည်များကို ပြန်လည်ရရှိမည်၊ မိတ်ဟောင်း၊ ဆွေဟောင်းများနှင့် ပြန်လည်ဆက်စပ်၍ လုပ်ငန်းစီးပွားအကျိုးပေးမည်၊ အတူနေသူများနှင့် စိတ်ဝမ်းကွဲမည်၊ အချင်းများမည်၊ နစ်နာထားသောအမှုပြဿနာဟောင်းများ ပြန်လည်

www.shweo.net

ဖော်ထုတ်ဖြေရှင်း၍ မျှတစွာအဆင်ပြေခြင်းကိုရရှိမည်။ တစ်ပြိုင်နက်တည်း လုပ်ငန်း(၂)မျိုး၊ အကြံအစည်(၂)မျိုးကို လုပ်ကိုင်အောင်မြင်နိုင်စွမ်းရှိမည်။ နိုင်ငံခြားနှင့်ပတ်သက်သော အလုပ်ကိစ္စဆောင်ရွက်ခြင်းနှင့် ခရီးသွားခြင်းတို့ကို ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း မလွဲကြုံပေအံ့။ ကြွေးဟောင်းအချို့ မတောင်းဘဲပြန်ရမည်။

## ■ Mar 11th မှ Mar 17th ကြား

ဆောင်ရွက်သမျှအောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ လူမျိုးကွဲအကျိုးပေးမည်။ ပညာအတတ်နှင့်ပတ်သက်သော တိုးတက်မှုရှိမည်။ ရည်မှန်းချက်များကိုအပြည့်အဝအကောင်အထည်ဖော်နိုင်မည်။ အလုပ်အကိုင်၊အကြံအစည်၊ရည်ရွယ်ချက်မှန်သမျှကိုလက်တွေ့အကောင်အထည်ဖော်ရန်အခါသင့်သည်။ တမေးပွဲနှင့် ပတ်သက်သော ကံအထူးကောင်းသည်။လုပ်ငန်း(၂)မျိုးတစ်ပြိုင်နက်တည်း လုပ်ကိုင်နိုင်မည်။ ဆိုင်းငံ့ထားသောလုပ်ငန်းများပြန်လည်ဆောင်ရွက်နိုင်မည်။ နေရာပြောင်း၍ တိုးတက်မည်။ မေတ္တာရေးကံကောင်းမည်။ မိတ်ကောင်း၊ ဆွေကောင်းတွေ့မည်။ အကြီးအကဲများထံမှ အကြံဉာဏ်ကောင်းရမည်။



## ■ Mar 18th မှ Mar 24th ကြား

လုပ်သင့်လုပ်ထိုက်သည်နှင့် လက်တွေ့လုပ်ဆောင်နေသည်များ တစ်ခြားစီဖြစ်နေမည်။ သူတစ်ပါးအကြံပေးခြင်းများကို လက်မခံဖွတ်တိုးလုပ်၍ အမှားကြုံမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ဝင်ရောက်ပတ်သက်ဆောင်ရွက်ခြင်းမပြုရ။ ပြဿနာများစွာနှင့်ကြုံ၍ ကိုယ့်အပေါ်အပြစ်ပုံချခြင်းခံရတတ်သည်။ ငွေကြေးအပေးအယူကိစ္စမှန်သမျှသတိရှိပါ။ ပညာသင်တန်းနှင့်ပတ်သက်သော ကံကောင်းသည်။ မည်သည့်ကိစ္စကိုဆောင်ရွက်သည်ဖြစ်စေ စေ့စပ်သေချာစွာ... စနစ်တကျကြိုတင်ပြင်ဆင်ပြီးမှ ဆောင်ရွက်ပါ။ အစီအစဉ်မဲ့အလျဉ်းသင့်သလို ဆောင်ရွက်ခြင်းတို့မှ ဆုံးရှုံးနစ်နာစရာများ ဖြစ်ပေါ်နိုင်သည်။

## ■ Mar 25th မှ Mar 31st ကြား

ကြုံတွေ့သောအခက်အခဲမှန်သမျှကို ပယ်ရှားပြီး အောင်မြင်မှုများ ဆက်တိုက်ဖြစ်ထွန်းမည်။ လူမှုရေး၊ အိမ်တွင်းရေးပျော်ရွှင်မှုရှိမည်။ ရန်အငြိုးအဆိုင်အနှောင့်အယှက်များနှင့် ရင်ဆိုင်ဖြေရှင်းရလိမ့်မည်။ တစ်ပါးသူတို့က အသေးအမွှားဟုထင်မှတ်ထားသော လုပ်ငန်းများကို စနစ်တကျ

www.shweo.net

လုပ်ကိုင်၍ အကျိုးဖြစ်ထွန်းမည်။ သံယောဇဉ်ထားရှိမှုများယွင်းမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးအပေးအယူကိစ္စများတွင် စိတ်အနှောင့်အယှက်များဖြစ်ပေါ်မည်။ အမည်အတွင်း(အ၊ ဥ၊ စ၊ ဆ၊ ည)ပါသောသူများကြောင့် ပြဿနာဖြစ်တတ်သည်။ အနီးကပ်လူယုံဒုက္ခပေးတတ်သည်။ သိုသိုသိပ်သိပ်၊ ကျစ်ကျစ်လျစ်လျစ်လုပ်ကိုင်ခြင်းဖြင့် အလုံးစုံအောင်မြင်မည်။

## ■ Apr 1st မှ Apr 7th ကြား

အလိုပြည့်စုံမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးသည်။ မေတ္တာရေးကံကောင်းသည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများဆောင်ရွက်ရန် အခါကောင်းကျရောက်သည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသောသတင်းစကားနှင့် တိုးတက်ခြင်းများကြုံမည်။ အလှူကိစ္စထက်၊ အပျော်အပါးဘက်သို့ စိတ်အာရုံညွတ်သောသူများကြောင့် တွဲဖက်လုပ်သောကိစ္စများတွင် အဆင်မပြေဖြစ်တတ်သည်။ မြှုပ်နှံထားသောငွေကြေးပစ္စည်းတို့မှ အကျိုးအမြတ်ကောင်းရမည်။ ကျန်းမာရေးမပေါ့အပ်။ နေရာပြောင်းလဲလုပ်ကိုင်ခြင်းမှ တိုးတက်ခြင်းများရှိမည်။



## ■ Apr 8th မှ Apr 14th ကြား

မထင်မှတ်ထားသော အကြောင်းအခြင်းအရာများ ဆက်တိုက်ဖြစ်ပေါ်မည်။ ငွေကြေးကိစ္စအတွက် စကားပြောဆိုရမည်။ လူမျိုးကွဲ၊ နိုင်ငံရပ်ခြားနှင့်ပတ်သက်ဆက်နွယ်သောအခြင်းအရာများ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်စပ်မှုများရှိမည်။ အပြောင်းအလဲကို လက်ခံရလိမ့်မည်။ မကြာမီကပြောင်းလဲထားသောဦးတည်ချက်ကို ထပ်မံပြောင်းလဲ၍ လုပ်ကိုင်ရမည်။ ခရီးသွား၍အကျိုးရှိမည်။ အပြောင်းအလဲဆောင်ရွက်ရန်အခါကောင်းကျရောက်သည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မှုဖြစ်ထွန်းသည်။ ပစ္စည်းပျောက်တတ်သည်။ မိဘအကြီးအကဲကျန်းမာရေး ဂရုစိုက်ရမည်။ စီစဉ်ထားသောကိစ္စမှန်သမျှ ဦးတည်ချက်ပြောင်းပြီးမှ အဆင်ပြေမည်။

## ■ Apr 15th မှ Apr 21st ကြား

အခက်အခဲများနှင့်စတင်ပြီး အရာရာအဆင်ပြေချောမွေ့မည်။ ရန်အပြိုင်အဆိုင်များကိုကျော်လွှား၍ ရည်မှန်းချက်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ တစ်ပါးသူနိုက်ရန်ဖြစ်သည်များ ကြားဝင်ဖြေရှင်းခြင်းမပြုရ။

ရှုံးရောက်၊ ဂါတ်ရောက်ပြဿနာကြုံတတ်သည်။ ငွေကြေးကိစ္စပြောဆိုဆောင်ရွက်မှုများ အောင်မြင်မည်။ လူမျိုးကွဲလူမျိုးခြားများနှင့် ဆက်သွယ်လုပ်ကိုင်မှုများတွင် ပါဝင်ပတ်သက်ရခြင်းရှိမည်။ ပစ္စည်းလက်လွှဲလက်ပြောင်းသတိရှိပါ။ အလောတကြီးလုပ်၍မရ၊ မရည်ရွယ်ဘဲအလှူအတန်းကိစ္စများ ဆောင်ရွက်ရပေမည်။ အတတ်ပညာနှင့်ပတ်သက်သောသင်တန်းများတွင် အောင်မြင်ခြင်းရှိမည်။

## ■ Apr 22nd မှ Apr 28th ကြား

ရန်အပြိုင်အဆိုင်များနှင့် ထိပ်တိုက်တွေ့မည်။ လုပ်ကိုင်သောကိစ္စမှန်သမျှ နှောင့်နှေးကြန့်ကြာပြီးမှ အဆင်ပြေမည်။ ဆိုင်းငံ့ရပ်တန့်ထားသောလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်မည်။ အသွားအဆင်ပြေ၍ အပြန်တွင်ကြန့်ကြာသောခရီးကိစ္စပေါ်မည်။ မမျှော်လင့်ဘဲ တန်ဖိုးကြီးမားသောပစ္စည်းကို ဝယ်ယူရန်စရံချထားခြင်းပြုလိမ့်မည်၊ အကျိုးအမြတ်ရှိသည့်ကိစ္စတစ်ခုအား စတင်လုပ်ကိုင်လိမ့်မည်၊ အခြားသူများက ဖြစ်နိုင်ခြင်းမရှိဟု ယူဆဝေဖန်သောအလုပ်အမျိုးအစားဖြစ်မည်၊ အရပ်ဝေးနှင့်ပတ်သက်ဆက်နွယ်သော အလုပ်ကိစ္စမှန်သမျှ အောင်မြင်အဆင်ပြေမည်။



www.shweo.net

[illegible]ကူးကိုအသုံးချ၍ ပြတ်သားရဲဝံ့စွာလုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှုများစွာရမည်။

## ■ Apr 29th မှ May 5th ကြား

အကြံဉာဏ်သစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ခရီးကိစ္စများပေါ်ထွန်းမည်။ မရောက်ဖူးသောအရပ်ဒေသများရောက်ရှိမည်။ မလုပ်ဖူးသောအလုပ်များလုပ်ရမည်။ ဖွဲ့စည်းမှုသစ်၊ ပုံစံသစ်ဖြင့်ဆောင်ရွက်နေရမည်။ မူလစီစဉ်ထားသည့်အတိုင်း လုပ်ကိုင်နိုင်ခြင်းမရှိ။ ပုံစံပြောင်း၍လုပ်ရမည်။ ချက်ချင်းဆုံးဖြတ်၍ လက်ငင်းပုံစံပြောင်းလုပ်သောကိစ္စများမှ တိုးတက်မှုများရရှိမည်။ စိတ်အနှောင့်အယှက်(၂)မျိုးကြုံလင့်ကစား အားလုံးကိုလွယ်ကူစွာဖြေရှင်းနိုင်လိမ့်မည်၊ အနီးကပ်လူဒုက္ခပေးမည်။ မိဘအကြီးအကဲကျန်းမာရေးအညံ့ရှိသည်။ အဆုံးသတ်ခါနီးကြုံသောအခက်အခဲများကို ကိုယ်တိုင်ဖြေရှင်း၍ အဆင်ပြေသွားမည်။

## ■ May 6th မှ May 12th ကြား

တွေဝေဒွိဟဖြစ်ခြင်း၊ တစ်ခုထက်မကသောရည်

www.shwee.net

ရွယ်ချက်များ ရောထွေးနေခြင်း၊ ရရှိထားသောအခွင့်အလမ်းထက် ပိုမိုကောင်းသောအခြေအနေရမည်ဟူသော စိတ်ကူးဝင်ကာ အခွင့်အလမ်းသစ်ကို လက်မခံခြင်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ကြီးမားနိုင်သည်။ လုပ်ငန်းပြဿနာ(၂)မျိုးမှအထက်ကို တစ်ပြိုင်တည်း ကိုင်တွယ်ဖြေရှင်းရမည်။ အလုပ်နေရာအပြောင်းအရွှေ့ရှိမည်။ ကိုယ်ပိုင်အစွမ်းအစကို အသုံးချ၍ အဆင့်မြင့်တိုးတက်မှုများ ဖန်တီးနိုင်သည်။ ဆုံးဖြတ်ထားပြီးသားအကြောင်းအရာအပေါ် ပြင်ဆင်ဆုံးဖြတ်ခြင်းမပြုပါနှင့်။ ရှေ့တိုးလုပ်ကိုင်ပါ။ ခွဲခွာရန်စီစဉ်ထားသူအပေါ် ပြတ်သားစွာကျောခိုင်းပါ။

## ■ May 13th မှ May 19th ကြား

အတတ်ပညာနှင့် အောင်မြင်မှုရရှိမည်။ လုပ်ငန်းရှိသူများ ရာထူးတိုးသည်။ ရာထူးကြီးသူများနေရာကောင်းသို့ရောက်ရှိကာ ဩဇာမြင့်မားမည်။ အလုပ်ရှာသူအလုပ်ရမည်။ အလုပ်စီးပွားတွင်လည်း ချောမွေ့ပြေလည်၍ အမြတ်အစွန်းရမည်။ စွန့်စားပြီးဆောင်ရွက်ထားသည့် ရင်းနှီးမြှုပ်နှံမှုများမှ ကောင်းသောအကျိုးအမြတ်ရမည်။ အကြီးအကဲတို့ထံမှ အကြံဉာဏ်ကောင်းများရခြင်း၊ အထောက်အကူရ



ခြင်းကြုံမည်။ ချစ်ရေးဆိုအဖြေပေးသော မေတ္တာရေးတို့သည် စစ်မှန်တည်တံ့နိုင်ခြေမှုရှိမည်။ ရှေးဟောင်းပစ္စည်းလက်ဆောင်ရမည်။ ထိုက်၍ရခြင်းဖြစ်သည်။ သူတစ်ပါးအား လက်လွှဲပေးခြင်းမပြုရ။

## ■ May 20th မှ May 26th ကြား

မိတ်ကောင်း၊ ဆွေကောင်းတိုးပွားခြင်း၊ မေတ္တာရေးကံကောင်းခြင်းနှင့် စိတ်ချမ်းမြေ့စရာများကြုံခြင်းဖြစ်ပေါ်မည်။ အတွေးအကြံသစ်နှင့် ဆောင်ရွက်ခြင်းမှ ကောင်းသောအကျိုးဆက်ပေါ်ထွန်းမည်။ ကိုယ်ပိုင်စိတ်ကူးနှင့် ရှေ့တိုးဆောင်ရွက်ခြင်းဖြင့် ကောင်းသောအကျိုးဆက်ဖြစ်ထွန်းမည်။ သူတစ်ပါးအပေါ်အကူအညီပေးရလိမ့်မည်။ မငြိုမငြင်စေတနာအပြည့်နှင့် ကူညီပါ။ ထူးခြားသောအကျိုးဆက်ရောင်ပြန်ရမှုကိုကြုံမည်။ ကိုယ့်ကိစ္စသာမက သူတစ်ပါးကိစ္စများကိုပါ ပူးတွဲဆောင်ရွက်ရမည်။ နာမည်ကောင်းသတင်းကျော်ကြားမည်။ အလှူအတန်းမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။

www.shweo.net

### ■ May 27th မှ June 2nd ကြား

ကိုယ်ပိုင်အရည်အသွေးများထက်မြက်၍ ထွန်းထွန်းပေါက်ပေါက် လုပ်ကိုင်နိုင်သည်။ အတတ်ပညာနှင့် ဘဝအခြေအနေမြင့်မားတိုးတက်ခြင်းရှိမည်။ အရေးပါသောစာရွက်စာတမ်းများ၊ အလုပ်ကိစ္စများကို တာဝန်ယူထိန်းသိမ်းရခြင်းရှိမည်။ တစ်ပါးသူမှမနာလိုစိတ်နှင့် တိုက်ခိုက်နှောင့်ယှက်ခြင်းကိုကြုံမည်။ အာမခံခြင်း၊ ကြားဝင်တာဝန်ယူ အာမခံခြင်းမပြုရ။ စာချုပ်စာတမ်းများအရ လက်မှတ်ရေးထိုး အာမခံခြင်းမပြုရ။ ရန်ကြွင်းရန်စဟောင်းများ ပြန်ပေါ်တတ်သည်။ အနီးကပ်ပေါင်းပြီး နှောင့်ယှက်ခြင်းခံရတတ်သည်။ နာမည်သိက္ခာထိခိုက်အောင် စွပ်စွဲခံရတတ်သည်။

### ■ June 3rd မှ June 9th ကြား

အလုပ်တိုးတက်မည်။ မိသားစုတွင်လည်းဥစ္စာစီးပွားဖွံ့ဖြိုးမည်။ ကျန်းမာရေးအထူးဂရုစိုက်ပါ။ ဖျားနာခြင်းကြုံကမပေါ့အပ်။ အန္တရာယ်ကြီးသည်။ အရပ်ဝေးမှမိတ်ဆွေဟောင်းများက ပြည်တွင်း၌အလုပ်စီးပွားလုပ်သောအခါ မိမိကို ပါဝင်ဆောင်ရွက် တာဝန်ယူရန်ကမ်းလှမ်းမည်။ လက်မခံပါနှင့်။ အကျိုးရှိမည်မဟုတ်သော မင်္ဂလာဆောင်သောကိစ္စ



တစ်ခုတွင် အတွင်းကျကျ ပါဝင်ပတ်သက်ရခြင်းရှိမည်။ အရွယ်ရင့်လူလွတ်များ အိမ်ထောင်ပြုရန်အကြောင်းပေါ်မည်။ ဆေးရုံ၊ ဆေးခန်းရောက်ကိန်းရှိသည်။ ယခင်မဖြစ်ဖူးသောရောဂါဖြစ်ပေါ်မည်။ ပေါ့တန်၍မရ။ ဝါရင့်အတွေ့အကြုံများသော သမားတော်များနှင့် ကုသမှုခံယူပါ။

### ■ June 10th မှ June 16th ကြား

စီမံကိန်းချ၍လုပ်ဆောင်ထားသမျှ သဲထဲရေသွန်ဖြစ်လိမ့်မည်။ မီးစင်ကြည့်ကရသကဲ့သို့ အခြေအနေပေးသည့်အပေါ် စနစ်တကျသုံးသပ်ဆုံးဖြတ်ပြီး ရှေ့တိုးဆောင်ရွက်ရပေသည်။ ရုတ်တရက်ပေါ်ထွန်းသောနိုင်ငံတကာနှင့်ယှဉ်သည့် အပြောင်းအလဲဖြစ်ရပ်များ၊ ဈေးကွက်သစ်ဖွင့်လှစ်မှုများအတွက်ပုံစံပြောင်းဆောင်ရွက်ရမည်။ သဘာဝဘေးဥပဒ်ကြောင့် နစ်နာစရာအချို့ကြုံမည်။ ကိုယ့်ထက်ငယ်သောသူများ ဒုက္ခပေးမည်။ မစီစဉ်ဘဲသွားသောခရီးမှ ထူးခြားသောအကျိုးရပေအံ့။

### ■ June 17th မှ June 23rd ကြား

မမျှော်လင့်ဘဲငွေဝင်သည်။ မရည်ရွယ်ဘဲ ငွေအ

www.shweo.net

စုလိုက်သုံးရလိမ့်မည်။ အလုပ်တိုးတက်မည်၊ ပညာသင်တန်းများ ဆောင်ရွက်အကျိုးပေးမည်၊ ခက်ခဲသောလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်၊ ကြုံတွေ့သောအခက်အခဲများကိုကျော်လွှား၍ အဆင့်မြင့်တက်လမ်းများဖန်တီးနိုင်မည်၊ တစ်ဦးထက်ပိုသောချစ်သူများနှင့်စန်းပွင့်ခြင်းရှိမည်၊ လုပ်ငန်းခွင်မှသူများ ပညာသင်တန်းကြုံမည်၊ လက်ခံနိုင်သည်၊ မိသားစုပညာသင်တန်းများလည်း လိုက်လံကူညီပေးရမည်၊ အရောင်းထိုင်းပစ္စည်းများပြန်လည်အရောင်းသွက်မည်၊ အတိတ်ကာလက မိမိအပေါ်အထင်သေးနှိမ့်ချထားသောသူထက် သာမြင့်သောအခြေအနေအဆင့်သို့ရောက်ရှိမည်။

## ■ June 24th မှ June 30th ကြား

မတော်တဆထိရှမှုဂရုစိုက်ပါ။ စာရွက်စာတမ်းလက်လွှဲလက်ပြောင်းသတိရှိပါ၊ ဝေးကွာနေသော မိတ်ဟောင်းများနှင့် ပြန်လည်ဆုံစည်းမည်၊ လုပ်ငန်းဟောင်းရပ်၍ လုပ်ငန်းသစ်များ ပြန်လည်ဆောင်ရွက်ရမည်၊ အချုပ်အနှောင်ခံရသူတစ်ဦးအား လိုက်လံကူညီဆောင်ရွက်ပေးရမည်၊ ပညာတတ်လျှက် ဆိုးမိုက်ပေတေနေသောသူတစ်ဦး



ကိုလည်း ကူညီနိုင်လိမ့်မည်၊ ထိုသူ၏အထောက်အကူပေးမှုကြောင့်လည်း မိမိတွင်အကျိုးရှိသောဖြစ်ရပ်များကြုံမည်၊ ပစ္စည်းများသူတစ်ပါးအားမငှားပါနှင့် ပျက်စီးဆုံးရှုံးလိမ့်မည်၊ မိတ်ပျက်ခံ၍ ငွေကြေးလာရောက်ချေးငှါးသူ ပေါ်လိမ့်မည်၊ ရှောင်ပါ။

## ■ July 1st မှ July 7th ကြား

တဖွတ်ထိုးရှေ့တိုးလုပ်ခြင်းထက် ဦးတည်ချက်ပြောင်းကာပရိယာယ်လုပ်၍ ဆောင်ရွက်ခြင်းဖြင့်အောင်မြင်ခြင်းကိုရပေမည်၊ ပေါ်ပေါက်လာသော အခြေအနေသစ်များကိုအသုံးချ၍ အဆင့်မြင့်တိုးတက်မှုပေါ်ထွန်းမည်၊ ငွေကြေးအပေးအယူကိစ္စများတွင် သတိရှိပါ။ ယခင်တစ်ကြိမ်တစ်ခါမှမကြုံဖူးသေးသော အတွေ့အကြုံသစ်များကြုံမည်၊ နေအိမ်နေရာ လုပ်ငန်းဝန်းကျင်တို့တွင် အပြောင်းအလဲများရှိမည်၊ အမှုပြဿနာဖြစ်သောသူ၏ အလုပ်နေရာကို တာဝန်ယူကိုင်တွယ်ရမည်၊ မိသားစုအလုပ်ကိစ္စ စီးပွားရေးရာများတွင် ထူးခြားသောတိုးတက်မှု အဆင့်ဆင့်ဖြစ်ပေါ်မည်၊ ဖွံ့စည်းမှုသစ်၊ နေရာသစ်များတာဝန်ယူရခြင်း၊ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ရခြင်းကိုကြုံမည်။

www.shweo.net

## ■ July 8th မှ July 14th ကြား

အပြိုင်အဆိုင်ကြားမှ တက်လမ်းပေါ်မည်၊ ရသင့်ရထိုက်လျက် ကြန့်ကြာနေသော ရပိုင်ခွင့်တို့ပြန်လည်ရရှိမည်၊ ခရီးသွား၍အကျိုးရှိမည်၊ ပြည်ပပညာရပ်နှင့် လုပ်ငန်းတို့အတွက် ရည်မှန်းစီစဉ်ထားသည်များ အလိုပြည့်မည်၊ အယူအဆသဘာဝမတူသောသူများနှင့် ပူးပေါင်းလုပ်ရလင့်ကစား အနှောင့်အယှက်မရှိ အဆင်ပြေစွာဆောင်ရွက်အောင်မြင်မည်၊ တစ်ပြိုင်နက်တည်း တစ်ခုထက်မကသောအလုပ်များ ဆောင်ရွက်ရမည်၊ အတူတကွတွဲဖက်သောသူတို့နှင့်လမ်းခွဲရမည်၊ လူသစ်ဝန်းကျင်သစ်များနှင့် ဆက်ဆံရမည်၊ အကြွေးတောင်းခံရန်သင့်သည်၊ အပြောင်းအလဲကိုလက်ခံသင့်သည်၊ ခရီးသွား၍ အကျိုးရှိမည်၊ အငြင်းအခုံပဋိပက္ခမှန်သမျှကို ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းပါ။

## ■ July 15th မှ July 21st ကြား

အဘက်ဘက်မှကောင်း၍ အလိုဆန္ဒရှိသည်တို့ကိုပြတ်သားရဲရင့်စွာရေတိုးလုပ်ပါ။ ပုံမှန်ထက်ငွေဝင်ခြင်းရှိမည်၊ လုပ်ငန်းခွင်တွင်ရာထူးအဆင့်တိုးမည်၊ ငွေကြေးဝင်ငွေတိုးပွားမည်၊ အဆင့်မြင့်တာဝန်များ အောင်မြင်စွာဆောင်



ရွက်နိုင်မည်၊ စွန့်စား၍လုပ်သောလုပ်ငန်းများမှ အလိုပြည့်ခြင်း၊ အောင်မြင်ခြင်းရှိမည်၊ ပေါ်ပေါက်သောစိတ်ကူးအကြံဉာဏ်တို့ကို လက်တွေ့ဆောင်ရွက်သင့်သည်၊ လုပ်ငန်းရှာဖွေသူများအဖို့ အဆင့်မြင့်မိုင်မာသောအလုပ်ရမည်၊ မိသားစုတွင် အလုပ်တိုးတက်ခြင်း၊ စီးပွားတက်လမ်းပွင့်ခြင်းနှင့်အလိုဆန္ဒပြည့်စုံခြင်းတို့ရှိမည်၊ မျှော်လင့်ထားခြင်းမရှိသောငွေဝင်မည်၊ အခက်အခဲများ၊ အတိုက်အခံများကိုကျော်လွှား၍ အလိုရှိရာဆောင်ရွက်နိုင်မည်၊

## ■ July 22nd မှ July 28th ကြား

အကုန်အကျများမည်၊ အနီးကပ်လူဒုက္ခပေးတတ်သည်၊ အပြိုင်အဆိုင်အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်၊ မူလစီစဉ်ထားသည်အားလုံးကိုပယ်၍ အရာရာကိုအခြေခံမှ ပြန်လည်ဆောင်ရွက်ရခြင်းမျိုးရှိမည်၊ မျှော်လင့်ထင်မှတ်ထားသည်နှင့် မတူခြားနားသောအကြောင်းအရာများမှ အလုပ်ကိစ္စများကို ဦးတည်ချက်ပြောင်းရန်ရှိမည်၊ မိဘအကြီးအကဲ ကျန်းမာရေးအညံ့ရှိမည်၊ အပြိုင်အဆိုင်အတိုက်အခံအလုံးစုံနှင့် ရင်ဆိုင်ပြီးမှ အလိုရှိရာဆောင်ရွက်နိုင်မည်၊ ယှဉ်ပြိုင်မှုများအောင်မြင်မည်၊ အတတ်ပညာကို

www.shweo.net

အသုံးချ၍ အဆင့်မြင့်တိုးတက်မှုရရှိမည်။ ရသင့်ရထိုက်သောငွေအချို့ ကြန့်ကြာမည်။ အမည်အတွင်း (အ၊ ဥ၊ ရ၊ လ၊ ဝ) ပါသူများကြောင့် ပြဿနာအဆိုးများကြုံမည်။

## ■ July 29th မှ Aug 4th ကြား

ပြဿနာများမည်။ ရန်များမည်။ အခက်အခဲနှင့် ရင်ဆိုင်ပြီးမှ အလိုပြည့်စုံမည်။ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး ဆက်ဆံသူများနှင့်ကြုံမည်။ ကိုယ်ကသာကတိစကားတည်၍ တစ်ဖက်သူက ကတိဖျက်သောအခြေအနေနှင့်ကြုံမည်။ လုပ်ရိုးလုပ်စဉ်မဟုတ်သောကိစ္စများမပြုရ။ အာမခံခြင်း၊ တာဝန်ယူခြင်းများမပြုရ။ စာရင်း၊ ဖယားငွေကြေးအရှုပ်အထွေးများဖော်ထုတ်ဖယ်ရှားနိုင်မည်။ နည်းလမ်းတကျမဟုတ်ဘဲ လုပ်ကိုင်သူများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ အိမ်တွင်းရေးပဋိပက္ခရှိမည်။ လူမှုရေးပြဿနာများဖြေရှင်းရမည်။ အတင်းအဖျင်းပြောဆိုခြင်းဖြင့် နာမည်သိက္ခာကျဆင်းအောင်ပြုကြလိမ့်မည်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။

## ■ Aug 5th မှ Aug 11th ကြား

မေတ္တာရေးကံကောင်းမည်။ မိတ်ဆွေကောင်း



များတိုးပွားမည်။ ကိုယ့်အတွက်အဆင်ပြေနေသောကိစ္စအလုံးစုံသည် မိသားစုနှင့်ဆန့်ကျင်ဘက်အနေအထားမျိုးဖြစ်မည်။ ကျန်းမာရေးအညှံ့သတိရှိပါ။ တွဲဖက်လုပ်သောသူများ၏မသမာမှုကြောင့် မိမိတွင်နာမည်သိက္ခာထိခိုက်နိုင်သည်။ လူမှုရေးအရဆက်ဆံ၍ အဆင်ပြေလင့်ကစား စီးပွားရေးတွင် တွဲဖက်အဆင်မပြေသူများနှင့် ပူးပေါင်းလုပ်ရခြင်းကြုံနိုင်ပေမည်။ ကောင်းမယောင်နှင့်ဆိုး၍ လွယ်မယောင်နှင့်ခက်သောအနေအထားများကြုံပေမည်။ စုပေါင်းလုပ်ငန်းများစတင်ဆောင်ရွက်ရမည်။ အဖွဲ့အစည်းလုပ်ငန်းများဆောင်ရွက်ရမည်။ ရန်အနှောင့်အယှက်များလေအောင်မြင်မှုရလေဖြစ်လာမည်။

## ■ Aug 12th မှ Aug 18th ကြား

အကုန်အကျများမည်။ ငွေလက်လွှန်တတ်သည်။ အပြိုင်အဆိုင်များမည်။ ရုတ်တရက်ပြောဆိုလိုက်သောစကားအပေါ် အကျကောက်ဝိုင်းဝန်းတိုက်ခိုက်ခြင်းများ ကြုံနိုင်သည်။ လူမျိုးကွဲများနှင့် တွဲဖက်သောကိစ္စမှန်သမျှအတိုက်အခံရှိနေမည်။ ပြည်ပနိုင်ငံရပ်ခြားနှင့် ဆက်နွှယ်လုပ်သော အလုပ်ကိစ္စမှန်သမျှ ထွန်းပေါက်အောင်မြင်မည်။ ခြ

www.shweo.net

ကား၊ အခန်းအစရှိသည့်အလုပ်ကိစ္စများကို ပြောဆိုဆောင်ရွက်အောင်မြင်မည်။ အိမ်တွင်လည်းကောင်း၊ ဆွေမျိုးဝန်းကျင်တွင်လည်းကောင်း အသက်အရွယ်ကြီးရင့်သောအမျိုးသမီးကြီးများ ကျန်းမာရေးအညံ့ရှိမည်။ မပြောင်းလိုသောအရပ်ဒေသများသို့ ပြောင်းလဲရမည်။ နေရာထိုင်ခင်းအတွက် စကားပြောရမည်။

## ■ Aug 19th မှ Aug 25th ကြား

အညံ့အဆိုးများကင်းစင်၍ ရည်မှန်းချက်၊ ရည်ရွယ်ချက်မှန်သမျှ အလိုရှိသလိုဆောင်ရွက်ရန်အခါသင့်သည်။ လူမျိုးခြားများနှင့် ဆက်စပ်လုပ်သောလုပ်ငန်းများမှ အကျိုးကောင်းရမည်။ ငွေဝင်ကောင်းမည်။ အပြိုင်အဆိုင်များအောင်မြင်မည်။ အတတ်ပညာနှင့်တိုးတက်မှုရရှိမည်။ လုပ်ငန်းရခြင်း၊ အဆင့်မြင့်တာဝန်ထမ်းဆောင်ရခြင်းများ၊ ပညာသင်တန်းနှင့်ပတ်သက်သောကိစ္စများ ဆောင်ရွက်ခြင်းများအတွက် အထူးကောင်းသည်။ မြှုပ်နှံထားသောငွေများ ပြန်ဖော်ရန်အခါသင့်သည်။ ပျိုရွယ်သူများလွန်စွာစန်းပွင့်မည်။ အမည်တွင် (အ၊ ဥ၊ သ၊ ဟ)ပါသူများနှင့် မေတ္တာရေးကိစ္စပေါ်ထွန်းမည်။



## ■ Aug 26th မှ Sept 1st ကြား

လမ်းရိုးလမ်းဟောင်းအတိုင်းလုပ်၍မရ။ အခြေအနေအရပ်ရပ်သည်ပုံစံသစ်၊ အကြောင်းအရာသစ်များနှင့် ဆောင်ရွက်ရန်အနေအထားကျရောက်သည်။ မတော်တဆထိခိုက်မှုအန္တရာယ်ဂရုစိုက်ပါ။ ခြေကျင်းဝတ်ဝန်းကျင်တွင်ထိခိုက်မှုဖြစ်တတ်သည်။ အပျော်ခရီးမသွားရ။ အန္တရာယ်ရှိနိုင်သည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများအသစ်ဝယ်ယူခြင်းမပြုရ။ လက်ဝယ်ရောက်ရှိပြီးမှ ပျက်ယွင်းတတ်သည်။ အဖိုးထိုက်တန်သောပစ္စည်းများ ဝယ်ယူမြှုပ်နှံရန်မသင့်။ ရေနွေးပူ၊ ဆီပူလောင်ခြင်းများဖြစ်တတ်သည်။ မပေါ့အပ်။ အနာသည်း၍ရောဂါ ဝေဒနာဖြစ်တတ်သည်။ စီစဉ်ထားသည့်ကိစ္စမှန်သမျှ အလွဲလွဲအချော်ချော်ဖြစ်မည်။

## ■ Sept 2nd မှ Sept 8th ကြား

အစက်အခဲမှန်သမျှကိုကျော်လွှား၍ အဆင့်မြင့်တက်လမ်းများပေါ်ထွန်းမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် လုပ်ကိုင်ခြင်းများမှ အောင်မြင်မှုများ အဆင့်ဆင့်ဖြစ်ပေါ်မည်။ နေရာသစ်၊ ဝန်းကျင်သစ်များနှင့်ဆက်ဆံ၍ ဆောင်ရွက်လုပ်ကိုင်သောကိစ္စများမှ အဆင့်မြင့်တိုးတက်မှုများဖြစ်

www.shweo.net

ပေါ်မည်။ အိုးအိမ်ပြင်ဆင်ခြင်း၊ တည်ဆောက်ခြင်းပြုရန်ရည်ရွယ်ချက်များအောင်မြင်မည်။ မိသားစုအတွက်အလုပ်စီးပွားသစ်များ လုပ်ကိုင်ဖြစ်မည်။ ဖြစ်ပေါ်လာသောအပြောင်းအလဲသစ်များကို ဆန့်ကျင်နေခြင်းထက် လိုက်လျောညီထွေအောင်ဆောင်ရွက်ခြင်းဖြင့် ကောင်းသောတိုးတက်မှုများပေါ်ထွန်းမည်။ ပညာအတတ်နှင့်ပတ်သက်သောကိစ္စများကိုစနစ်တကျဆောင်ရွက်နိုင်မည်။

## ■ Sept 9th မှ Sept 15th ကြား

အခက်အခဲများဖြေရှင်းနိုင်မည်။ အရပ်ဝေး၊ နိုင်ငံရပ်ခြားကိစ္စများဆောင်ရွက်အောင်မြင်မည်။ ငွေကြေးအပေးအယူကိစ္စသတိရှိရမည်။ ရပ်တန့်ထားသောလုပ်ငန်းကိစ္စများပြန်လည်စတင်နိုင်မည်။ သူတစ်ပါးနှင့်မတူခြားနားသောအတွေးအမြင်နှင့် စိတ်ကူးစိတ်သန်းတို့ကို လက်တွေ့ရဲဝံ့စွာအကောင်အထည်ဖော်ခြင်းဖြင့် အခြေအနေကောင်းကြုံခြင်း၊ အလိုပြည့်စုံခြင်းများဖြစ်မည်။အမှုပြဿနာဟောင်းများပြန်လည်ရင်ဆိုင်ရတတ်သည်။ ချစ်သူဟောင်းနှင့်ပြန်လည်ဆုံစည်းမည်။ စိတ်ကူးရှိလျက် လုပ်ကိုင်ဖူးခြင်းမရှိခဲ့သောကိစ္စများကို စနစ်တကျ ရှေ့တိုးလုပ်ကိုင်ခြင်းဖြင့် ဘဝအခြေအနေမြင့်မားခြင်းရှိမည်။



## ■ Sept 16th မှ Sept 22nd ကြား

ထူးထူးခြားခြားကောင်းသော ကံပွင့်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ငွေကြေးဥစ္စာကံကောင်းမည်။ ရန်အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ အရပ်ဝေးတိုင်းတစ်ပါးနှင့် ဆက်စပ်သောအကျိုးပေးမှုများဖြစ်ပေါ်မည်။ အတတ်ပညာနှင့်တိုးတက်မှုကို ဖန်တီးနိုင်မည်။ အလုပ်ရာထူးဖြေဆိုအောင်မြင်မည်။ ပညာတစ်ဖက်၊ လုပ်ငန်းတစ်ဖက် တွဲဖက်လုပ်ကိုင်သူများ ထွန်းထွန်းပေါက်ပေါက်ရှိမည်။ ရဲ့ထွင်လုပ်သောလုပ်ငန်းမှ ကောင်းသောအကျိုးဆက်များရရှိမည်။ မိသားစုတွင်အလုပ်စီးပွားနှင့် ဥစ္စာအခြေအနေတိုးပွားခြင်းရှိမည်။ ဝိုက်ထုတ်ကုန်ကျထားသောငွေကြေးများပြန်လည်ရရှိမည်။ အချစ်ရေးကံကောင်းမည်။

## ■ Sept 23rd မှ Sept 29th ကြား

မတော်တဆထိခိုက်မှုများ အထူးဂရုစိုက်ပါ။ အနီးအပါး၌နာရေးကိစ္စကြုံကာ ကိုယ်တိုင်တွင်အညံ့အဆိုးကင်းမည်။ ကြီးကဲသူတို့၏ကျန်းမာရေးအတွက် စိတ်သောကရောက်ရမည်။ ငွေကြေးကုန်ကျမှုများမည်။ စီးပွားရှာထွင်မှုများအောင်မြင်မည်။ နာမည်ကောင်းသတင်းနှင့် ကျော်ကြား

ခြင်းများရှိမည်။ ကာလရှည်ကြာစုဆောင်းထားသော ငွေကြေးများရုတ်တရက် သုံးစွဲရလိမ့်မည်။ စကားကတိမတည်သူများနှင့်တွေ့မည်။ အပြိုင်အဆိုင်မှန်သမျှကိုကျော်လွှားနိုင်မည်။ အိမ်တွင်အပျောက်အရှများမည်။ မောင်နှမသားချင်းကိစ္စများအတွက်စိတ်ပူဒေါသရောက်ခြင်းရှိမည်။ ပညာလုပ်ငန်းတွဲဖက်ဆောင်ရွက်မှုများတွင် အောင်မြင်မည်။

## ■ Sept 30th မှ Oct 6th ကြား

ရန်ပဋိပက္ခများနှင့် ထိပ်တိုက်တွေ့မည်။ ကိုယ့်အပေါ်အကြိမ်ကြိမ်အခါခါ မထိတထိရန်ပြုသူများကို ရင်ဆိုင်ဖြေရှင်းရန်အခါကောင်းဖြစ်သည်။ စာရွက်စာတမ်းများပြန်လည်ဆောင်ရွက်၍ အသစ်ချုပ်ဆိုရမည်။ အကြီးအကဲများအမည်ကိုအသုံးချ၍ လှည့်စားလိမ်ညာသူနှင့်တွေ့မည်။ အိမ်၊ ခြံ၊ မြေပွဲစားတို့၏ မရိုးမသားလှည့်စားမှုကိုကြုံမည်။ ဥပဒေနှင့်မကင်းသောကိစ္စမှန်သမျှရှောင်ပါ။ အမှုအခင်းဖြစ်ကဖြေရှင်းရန်လွန်စွာခဲယဉ်း၏။ စာရွက်စာတမ်းအပေးအယူမှန်သမျှ သတိထား၍ လက်ပြောင်းလက်လွှဲပြုပါ။ ပစ္စည်းပျောက်ခြင်း၊ ခိုးယူခံရခြင်းမပြုရ။ ဈေးကစားခြင်းမပြုရ။ အရရှောင်သည်ဟူ၍ တွက်ဆကာ ဝယ်ယူလိုက်သောပစ္စည်းများ ကိုယ့်လက်တွင် သောင်တင်နေမည်။



## ■ Oct 7th မှ Oct 13th ကြား

အခက်အခဲများကိုကျော်လွှား၍ စိတ်ချမ်းမြေ့စရာများရှိမည်။ အလိုပြည့်စုံမည်။ မိတ်ကောင်း၊ ဆွေကောင်းအထောက်အကူရမည်။ စပေါင်းလုပ်သောလုပ်ငန်းအကျိုးပေးမည်။ အချစ်ရေးကံကောင်းမည်။ မိသားစုပိုင်လက်လွှတ်ထားသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ ရန်အခက်အခဲအားလုံးကိုကျော်လွှား၍ အောင်မြင်မှုများဖန်တီးနိုင်မည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူများဖြင့်ဆောင်ရွက်သည်များမှ ကောင်းသောအကျိုးအမြတ်များဖြစ်ထွန်းမည်။ မောင်နှမသားချင်းများတွင် ပြည်ပခရီးကိစ္စပေါက်အဆင်ပြေမည်။ စီးပွားဥစ္စာနေတိုးပွားမည်။ မြှုပ်နှံထားသည်များမှ အကျိုးအမြတ်ကောင်းရမည်။

## ■ Oct 14th မှ Oct 20th ကြား

အကျိုးအမြတ်များကောင်းစွာရမည်။ အညံ့အဆိုးများလွှမ်းမိုးနေသည်။ ရန်ပဋိပက္ခများနှင့် ရင်ဆိုင်ဖြေရှင်းရမည်။ သူများပြဿနာကိုယ့်ပြဿနာသဖွယ်ဖြစ်မည်။ ရပိုင်ခွင့်များလက်လွှတ်ဆုံးရှုံးမည်။ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ ငွေမချေးရ။ ဆုံးမည်။ ခြံ၊ ကား၊ အခန်းအလဲအလှယ်အပြောင်းအလဲတို့တွင် ပြဿနာများဖြစ်မည်။

www.shweo.net

ငွေအပေးအယူကိစ္စမှန်သမျှတွင် စနစ်တကျရေတွက်ပြီးမှ လက်ခံပါ။ အငြင်းပွားရတတ်သည်၊ မလုပ်တော့ဟူ၍ဆုံးဖြတ်ကာရပ်တန့်ထားသောအလုပ်များ ပြန်လည်လုပ်ကိုင်ရမည်၊ မရောင်းရဟူ၍ သတ်မှတ်သောပစ္စည်းများကို ရောင်းချရမည်၊ မသွားတော့ဟူ၍ဆုံးဖြတ်ထားသောခရီးများ သွားရောက်ရလိမ့်မည်။

## ■ Oct 21st မှ Oct 27th ကြား

အညံ့အဆိုးမှန်သမျှကင်းစင်၍ အလိုဆန္ဒရည်ရွယ်ချက်မှန်သမျှ ဆောင်ရွက်ပြည့်မြောက်မည်၊ မည်သို့သောအခက်အခဲနှင့်ရင်ဆိုင်ကြုံတွေ့စေ အားလုံးကိုကျော်လွှားနိုင်မည်၊ အလုပ်အကြံအစည်သစ်များ ဆောင်ရွက်၍အောင်မြင်မည်၊ သစ်လွင်သောစိတ်ကူးတို့ကို ရဲရဲရင့်ရင့်ရှေ့တိုးလုပ်ရန်အခါကောင်းကြုံသည်၊ အိုးအိမ်အသစ်ပြင်ခြင်း၊ နေရာပြောင်းခြင်းတို့နှင့် ပတ်သက်သောအရေးကိစ္စမှန်သမျှ ဆောင်ရွက်ရန်အခါသင့်သည်၊ ဆက်ဆံရသောဝန်းကျင်အတွင်းအပြောင်းအလဲများ ဆက်တိုက်ဖြစ်ပေါ်မည်၊ လုပ်ရိုးလုပ်စဉ်နှင့်မတူခြားနားသော အလုပ်ကိစ္စများဆောင်ရွက်ရမည်၊ အိုးအိမ်အပြောင်းအလဲရှိမည်။



## ■ Oct 28th မှ Nov 3rd ကြား

ယခင်လွန်ခဲ့သော (၂) ပတ်အတောအတွင်းလုပ်ကိုင်နှောင့်နှေးနေသောကိစ္စမှန်သမျှ အဆင်ပြေမည်၊ ငွေကြေးအပေးအယူကိစ္စများ သတိရှိပါ။ လက်လွှန်သောငွေကိုလည်းပြန်ရမည်၊ ခရီးသွားခြင်းနှင့် အပြောင်းအရွှေ့အပြောင်းအလဲပြုခြင်းများ ကင်းဝေးသွားမည်၊ အယူအဆမတူသူများ၊ ဘာသာလူမျိုးကွဲများနှင့်ပူးပေါင်းသော ကိစ္စမှန်သမျှတိုးတက်မည်၊ အရပ်ဝေး၊ နိုင်ငံရပ်ခြားနှင့်ခရီးလမ်း၊ လုပ်ငန်းလမ်းကြောင်းများပွင့်မည်၊ အပေးအယူကိစ္စများတွင်ဖြစ်ပေါ်နေသောပဋိပက္ခများ ငြိမ်းအေးသွားမည်၊ ကွဲပျက်ထားသူများနှင့် ပြန်လည်ပေါင်းစည်းရန်အခြေအနေကြုံမည်၊ ဝေးလံသောအရပ်ဒေသမှ စိတ်ချမ်းမြေ့ဖွယ်သတင်းကြားရမည်။

## ■ Nov 4th မှ Nov 10th ကြား

အရာရာအဆင်ပြေ၍ စိတ်ချမ်းမြေ့စရာများရှိမည်၊ စုပေါင်းလုပ်ငန်းအကျိုးပေးမည်၊ မိတ်ဆွေအကြီးအကဲများနှင့်ပူးပေါင်းဆက်သွယ်၍ လုပ်ငန်းကြီးများဖန်တီးနိုင်မည်၊ ငွေဝင်ခြင်း၊ လာဘ်ပွင့်ခြင်းများရှိမည်၊ အလုပ်တိုး

www.shweo.net

တက်မည်။ အဆင့်တိုးမည်။ စီးပွားတက်မည်။ အချစ်ရေးကောင်းမည်။ ဖြစ်ပေါ်လိုသောဆန္ဒရည်ရွယ်ချက်များလက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ကောင်းရမည်။ ကာလရှည်ကြာ တစ်ပါးသူမှ မတော်မတရားယူငင်ထားသော မိမိပိုင်၊ မိသားစုပိုင်ပစ္စည်းများကို ပြန်လည်ရရှိပေလိမ့်မည်။ အချစ်ရေး၊ မေတ္တာရေးကံ အထူးကောင်းသည်။

## ■ Nov 11th မှ Nov 17th ကြား

ရပ်တန့်ထားသောကိစ္စများကို ပြန်လည်ဆောင်ရွက်ရင်း မူလစိတ်ကူးထားသည့်လမ်းကြောင်းမှခွဲထွက်ရင်း အကြံဉာဏ်သစ်တို့ကိုလက်တွေ့အသုံးချကာ ဦးတည်ချက်ပြောင်း၍ အလုပ်အကြံများဆောင်ရွက်ရလိမ့်မည်။ အတတ်ပညာနှင့် အောင်မြင်ခြင်းကိုကြုံမည်။ လူမျိုးကွဲများနှင့်ဆက်နွယ်သောကိစ္စများမှ ကောင်းသောအကျိုးဖြစ်ထွန်းမည်။ အများကိစ္စကြားဝင်တာဝန်ယူရခြင်းရှိမည်။ အဆင့်မြင့်သောဘဝအခြေအနေတစ်ခုသို့ ကူးပြောင်းမည်။ ငွေကြေးစုဆောင်းရန်ကြိုးစည်နေဆဲ ငွေကုန်များခြင်းနှင့်တကွ စုဆောင်းထားသောငွေများကို အသုံးပြုရသောအခြေအနေ



နှင့်ကြုံမည်။ ကိုယ့်အပေါ် အနှောင့်အယှက်ပေးသောသူများကို ဖော်ထုတ်ဖြေရှင်းနိုင်မည်။

## ■ Nov 18th မှ Nov 24th ကြား

အိမ်တွင်းရေး၊ လူမှုရေးပြဿနာများနှင့်ကြုံမည်။ ရန်အနှောင့်အယှက်များရှိနေမည်။ ခက်ခဲသောပြဿနာများဖြေရှင်းရလိမ့်မည်။ ကတိစကားပျက်ယွင်းသောသူများနှင့်ကြုံတွေ့ရမည်။ မနာလိုသူများ၊ အငြိုးအဆိုင်ပြုသူများနှင့် ထိပ်တိုက်တွေ့မည်။ ရုံးရောက်၊ ဂါတ်ရောက် အမှုအခင်းများကြုံမည်။ ကိုယ့်အပေါ်ရန်အတိုက်အခံပြုသူများရှိနေမည်။ စကားများတတ်သည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ ပြဿနာဟောင်းများကိုပြန်လည်ဖော်ထုတ်၍ ဒုက္ခပေးသောသူများနှင့်တွေ့မည်။ အမည်အတွင်း (အ၊ ဥ၊ စ၊ ဆ၊ ဇ၊ ဈ၊ ည) ပါသူများနှင့်ပတ်သက်၍ စကားအတိုက်အခံပြောရတတ်သည်။ မောင်နှမသားချင်းပြဿနာများ ဖြေရှင်းရမည်။

## ■ Nov 25th မှ Dec 1st ကြား

ကျန်းမာရေးအထူးဂရုစိုက်ရမည်။ မတော်တဆထိရှမှုများဖြစ်တတ်သည်။ မိတ်ကောင်း၊ ဆွေကောင်းများထံ

www.shweo.net

မှ ကောင်းသောအထောက်အကူရရှိမည်။ စုပေါင်းလုပ်ငန်းများလုပ်ကိုင်နိုင်မည်။ မေတ္တာရေးကံကောင်းမည်။ အလှူအတန်းများ၊ မင်္ဂလာကိစ္စများဆောင်ရွက်ရမည်။ အမျိုးသမီးအကြီးအကဲထံမှ အထောက်အကူကောင်းရရှိမည်။ ကာလအတန်ကြာဝေးကွာနေသောသူများနှင့် ပြန်လည်ဆုံစည်းနိုင်မည်။ မိသားစုပိုင်လုပ်ငန်းများတွင်လည်း အဆင့်ဆင့်ဆောင်ရွက်အကျိုးပေးသည်။ ငွေကြေးမြှုပ်နှံမှုများမှ အကျိုးအမြတ်ကောင်းများရရှိမည်။ ပေါ်ပေါက်လာသောစိတ်ကူးသစ်တို့ကို လက်တွေ့အသုံးချနိုင်သည်။

## ■ Dec 2nd မှ Dec 8th ကြား

ပစ္စည်းပျောက်တတ်သည်။ ငွေလက်လွှတ်တတ်သည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ မရောက်ဖူးသောအရပ်ဒေသများသို့ သွားလာရောက်ရှိမည်။ ပြည်ပခရီးကိစ္စစီစဉ်ထားသူများ အလိုပြည့်မည်။ ခြံ၊ ကား၊ အခန်းအလဲအလှယ် အပြောင်းအလဲကြုံမည်။ နေရာသစ်၊ ဝန်းကျင်သစ်များနှင့်ဆက်စပ်၍ အဆင့်ဆင့်တိုးတက်သောအခြေအနေကောင်းများရှိလာမည်။ မိသားစုကျန်းမာရေးအညှိများကြုံက မပေါ့အပ်။ အခြေအနေသစ်နှင့်ဖြစ်ပေါ်လာသောအပြောင်းအလဲသစ်တို့ကို လက်တွေ့အသုံးချ၍ တိုးတက်မှုများဖြစ်ပေါ်မည်။ စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးရာတွင်သတိရှိရမည်။

## ■ Dec 9th မှ Dec 15th ကြား

အလုပ်တိုးတက်မည်။ ထူးခြားသောငွေဝင်ခြင်းရှိမည်။ ကြန့်ကြာနေသောငွေများပြန်ရမည်။ ခရီးသွား၍အကျိုးရှိမည်။ လက်ရှိမေတ္တာမျှနေသူထက် အစစအရာရာသာမြင့်၍ မိမိအပေါ်နားလည်မှုအပြည့်ရှိသော ချစ်သူသစ်တွေ့မည်။ မူလစီစဉ်ထားသည်ထက် အခွင့်အရေးသာသောစီးပွားရေးအကျိုးဆက်များရရှိရန် အခြေအနေကောင်းကြုံမည်။ စွန့်စား၍မြှုပ်နှံဆောင်ရွက်သောကိစ္စများမှ အကျိုးဆက်ကောင်းရရှိမည်။ အရပ်ဝေးနှင့်ပူးတွဲလုပ်သောလုပ်ငန်းများမှအကျိုးဆက်ကောင်းများဖြစ်ပေါ်မည်။ တစ်ပြိုင်နက်တည်း တစ်ခုထက်မကသောအလုပ်များ လုပ်ကိုင်အောင်မြင်မည်။

## ■ Dec 16th မှ Dec 22nd ကြား

မတော်တဆထိခိုက်မှုများ အထူးဂရုစိုက်ရမည်။

www.shweo.net

စီမံကိန်းချပြီးလုပ်၍မရ။ ပေါ်ပေါက်လာသောအခြေအနေကို အခိကာသုံးသပ်၍ အောင်မြင်မှုအဆင့်ဆင့်ဖြစ်ပေါ်လာမည်။ စက်ပစ္စည်းများပျက်စီးတတ်သည်။ ပျိုရွယ်သူများအချစ်မှားသံယောဇဉ်အထားမှားတတ်သည်။ ယာဉ်၊ ကားမောင်းနှင်မှုဂရုစိုက်ပါ။ သုံးစွဲနေကျမဟုတ်သောယာဉ်ကားများ ကိုင်တွယ်အသုံးပြုစဉ် အန္တရာယ်ဖြစ်တတ်သည်။အလောတကြီးဆောင်ရွက်ခြင်းကြောင့် အန္တရာယ်ဖြစ်တတ်သည်။ စကားမှားတတ်သည်။ ငွေအလုံးအရင်းနှင့် ရင်းနှီးမြှုပ်နှံရသောအလုပ်များ မလုပ်သင့်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ကျန်းမာရေးညံ့မည်။

## ■ Dec 23rd မှ Dec 31st ကြား

အရာရာအောင်မြင်၍ အလိုဆန္ဒရှိသည်တို့ကို စနစ်တကျလုပ်ကိုင်နိုင်မည်။ ငွေကြေးစီးပွားနှင့် ပတ်သက်သောအကြောင်းရေးရာအဖြာဖြာကို လိုသလိုပြောဆိုအောင်မြင်မည်။ အလုပ်သစ်စီးပွားသစ်များ လုပ်ကိုင်အကျိုးရှိသည်။ ရန်အတိုက်အခံအားလုံးကို ကျော်လွှားနိုင်မည်။ စတင်လိုက်သော လုပ်ငန်းများပြီးမြောက်သည်အထိ အဆင်ပြေမည်။ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များမှ ကောင်း



သောအထောက်အကူရမည်။ ကြန့်ကြာနေသောရပိုင်ခွင့်များပြန်လည်ရရှိအဆင်ပြေမည်။ မေတ္တာရေးကံကောင်းမည်။ ခရီးကိစ္စအဆင်ပြေမည်။ အပြိုင်အဆိုင်များကိုကျော်လွှားနိုင်မည်။ နေအိမ်နေရာအလုပ်နေရာတွင် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်လိမ့်မည်။

www.shweo.net

## ကျန်းမာရေး

ကုမ်ရာသီသည် လူခန္ဓာကိုယ်၏ ခြေကျင်းဝတ်ပိုင်းကို စိုးမိုးသည်၊ အရေပြားနှင့် ပတ်သက်သည့်သွေးပြန်ကြောကိုလည်းစိုးမိုးသည်၊ ခန္ဓာကိုယ် ထိုအစိတ်အပိုင်းများ၌ မတော်တဆအန္တရာယ်ကြုံလေ့ရှိသည်၊ သွေးခဲသောဝေဒနာဖြစ်တတ်သည်၊ နှလုံးသွေးကြောကျဉ်းခြင်းကြောင့် သွေးလည်ပတ်မှုမမှန်သောဝေဒနာဖြစ်တတ်သည်၊ နှလုံးရောဂါဝေဒနာဖြစ်တတ်သည်၊ ၎င်းအပြင် ပင်ကိုယ်စိတ်ဓာတ်ပြင်းထန်လွန်းပေရာ၊ ဆောင်ရွက်မှုများတွင်ထင်တိုင်းမပေါက်ကအလွယ်တကူ(Depression)ဟုခေါ်သော စိတ်ကျရောဂါဖြစ်တတ်သည်၊ခြေမွတ်တိုင်လည်ခြင်း၊ခြေအဆစ်လွဲခြင်းများလွန်စွာဖြစ်လွယ်သည်၊ အိပ်နေရင်း၊ လဲလျောင်းနေရင်းခြေအကွေးအဆန့်ကြွက်သားလှုပ်ရှားခြင်းမှတစ်ဆင့်ရုတ်ချည်းကြွက်တက်ခြင်းဖြစ်တတ်သည်၊

■ **21 .4. 13 မှ 20 .5. 13 ကြား**

■ **21 .7. 13 မှ 20 .8. 13 ကြား**

■ **21 .9. 13 မှ 20 .10. 13 ကြား** ရက်များတွင် အရေပြားနှင့်ပတ်သက်သော အနာရောဂါဖြစ်လွယ်သည်၊ ပြင်းထန်



စွာဝမ်းဗိုက်နာကျင်မှုဖြစ်မည်၊ ရောဂါရှာမတွေ့ဘဲ ဖျားလိုက်ပျောက်လိုက်ဝေဒနာဖြစ်မည်၊ ဦးခေါင်း၊ အာရုံကြောတို့တွင်သွေးခဲမှုအသေးစားများဖြစ်ကာ ပြင်းထန်စွာဦးခေါင်းကိုက်ခဲခြင်းကြုံမည်၊ မျက်စိအတွင်း ရေစီးဆင်းမှုနည်းပါးသောကြောင့်ဖြစ်သော ရောဂါများကြုံမည်၊ ခြေ လက်တို့ထုံကျင်ခြင်းဖြစ်မည်၊ အဆစ်တို့ နာကျင်ကိုက်ခဲခြင်းဖြစ်မည်၊ ဆေးထိုး၊ ဆေးသောက် မှားယွင်းတတ်သည်၊ အကြော၊ အဆစ်ထိခိုက်လွယ်သည်၊

■ မေလ ၄၊ ၁၂၊ ၁၅၊ ၁၈၊ ၁၉၊ ၂၇၊ ၃၀

■ ဩဂုတ်လ ၂၊ ၇၊ ၈၊ ၂၂၊ ၂၃၊ ၂၅၊ ၂၇

■ ဒီဇင်ဘာ ၅၊ ၉၊ ၁၁၊ ၁၆၊ ၁၇၊ ၂၀၊ ၂၄၊ ၂၈ ရက်များတွင်မတော်တဆထိခိုက်မှုအန္တရာယ်များဖြစ်တတ်သည်၊ စက်ဘီး၊ ဆိုင်ကယ်များစီးနင်းကသတိရှိပါ၊ ယာဉ်၊ စက်ချို့ယွင်းမှုကြောင့်ဖြစ်သော အန္တရာယ်သတိရှိပါ၊ ခိုက်ရန်ဖြစ်ပွား သွေးထွက်သံယိုဖြစ်ခြင်းများ ဂရုစိုက်ပါ၊ အသက်အန္တရာယ်နှင့်နီးသော အပျော်စွန့်စားကစားခြင်းများ ရှောင်ကြဉ်ပါ၊ အားကစားနှင့်ပတ်သက်သော မတော်တဆထိခိုက်မှုများ လေ့ကျင့်နေစဉ် ဖြစ်ပေါ်တတ်သည်၊

ကုမ်ရာသီဖွားအားလုံးတို့သည် ၈၊ ၄၊ ၉ ဂဏန်း

www.shweo.net

သုံးလုံး တစ်ပြိုင်နက်တည်းပူးတွဲဖြစ်ထွန်းသောအချိန်များ တွင် မတော်တဆအန္တရာယ်ဖြစ်တတ်သည်။ ပေါင်းခြင်း(၈) ရသောမော်တော်ကားကို လူ(၄)ယောက်စီးနင်း၍ (၉)နာရီ အချိန်တွင်ခရီးသွားက မတော်တဆ အန္တရာယ်ဖြစ်တတ် သည်။ အနီ၊ အနက် တွဲဝတ်သောအခါများတွင်လည်း မတော်တဆ အန္တရာယ်ဖြစ်လွယ်သည်။ ရေအိုးမှရေကို သွန်းလောင်းထားသောပုံနှင့် ဖော်ကျူးပေရာ သွေး၊ ချွေး၊ ဆီး အစရှိသည်တို့၏ ထုတ်လွှတ်ရာဖြစ်သောနေရာ၌ ဝေဒနာများကပ်ငြိလွယ်သည်။ သွေးနှင့်ပတ်သက်က နှလုံး၊ ဆီးနှင့်ဆက်သွယ်က ကျောက်ကပ်၊ ချွေးနှင့်ပတ်သက်သော ချွေးထွက်ပေါက်နှင့် ဆက်စပ်သောရောဂါများကိုလည်း အထူးပြုဂရုစိုက်ရပေမည်။ အရည်စိုရွှမ်းသော သစ်သီးဝလံ များ စားသုံးသင့်သည်။ အချိုဓာတ်နှင့်၊ အငံဓာတ်လွန်ကဲ သောအစားအသောက် စားသုံးခြင်းကမသင့်။



# ကံမြင့်ဆင်ယင်ထုံးဖွဲ့မှု

၂၀၁၃ တစ်နှစ်တာအတောအတွင်း ဘုန်းရှိန်ကံကြမ္မာမြင့်မားကာ၊ လာဘ်လာဘရွှင်စေ၍ လူချစ်လူခင်ပေါများ၊ ဝီယပွင့်စေရန်အလို့ငှာ ကံမြင့်ဆင်ယင်ထုံးဖွဲ့မှုများကို တင်ပြအပ်ပါသည်။

■ အလုပ်နေရာ၊ နေအိမ်ဧည့်ခန်းတို့၏ ခန်းဆီးလိုက်ကာနှင့် တကွ အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂတို့ကို မိုးပြာရောင်၊ နက်ပြာရောင်၊ စိမ်းပြာရောင်များ အဓိကထား၍သုံးစွဲပါ။ လုပ်ငန်းအောင်မြင်ခြင်း၊ လာဘ်ပွင့်ခြင်း၊ ငွေကြေးစီးပွား တိုးတက်ခြင်းတို့ကို ဖြစ်ပေါ်စေလိမ့်မည်။

■ နက်ပြာရောင်၊ အဖြူရောင်၊ မီးခိုးရင့်ရောင်၊ အညိုရင့်ရောင်တို့သည် စာမေးပွဲဖြေဆိုမှုများတွင် အောင်ဓာတ်ဝင်စေရန်အလို့ငှာသုံးစွဲသင့်၏။ အလုပ်စာမေးပွဲ၊ လူတွေ့အင်တာဗျူးမှအစ အားကစားယှဉ်ပြိုင်မှုများတွင် အောင်နိုင်မှုအတွက် အဓိကအသုံးပြုသင့်သောအရောင်များဖြစ်သည်။

www.shweo.net

■ အနက်ရောင်၊ မီးခိုးရင့်ရောင်၊ နက်ပြာရောင်၊ ကြေးအိုစိမ်းအရောင်တို့သည် အချစ်ရေး၊ မေတ္တာရေးကံကောင်းစေခြင်းနှင့် ပီယဓာတ်ပွင့်စေခြင်းအလို့ငှာအသုံးပြုသင့်သည်။ ဧည့်ခံပွဲ၊ ညစာစားပွဲသွားရောက်ခြင်းများတွင် ဝတ်ဆင်ခြင်းဖြင့် ညို့ငင်မှုကောင်းခြင်း၊ ဆွဲဆောင်မှုအားမြင့်မားခြင်းတို့ရပေအံ့။ အိမ်ထောင်သည်များပင်လျှင် ၎င်းအရောင်များဝတ်ဆင်သုံးစွဲခြင်းဖြင့် အိမ်ထောင်ဖက်အပေါ်ဆွဲဆောင်နိုင်စွမ်းမြင့်ကာ မေတ္တာဓာတ်မညှိုး ဆတိုးချစ်ခင်မှုကိုရပေအံ့။

■ အပြာရင့်ရောင်နက်ပြာရောင်၊ အညိုရောင်တို့သည်ကားခရီးကိစ္စများတွင် အတားအဆီးမဲ့ လိုရာရောက်စေရန်သုံးစွဲအပ်သော အရောင်များဖြစ်သည်။ ခရီးသွားဝတ်စုံ၊ ခရီးဆောင်အိတ်မှအစ ဗီဇာကိစ္စ၊ သံရုံးအဝင်အထွက်၊ အင်တာဗျူးတို့တွင် ဝတ်ဆင်သုံးစွဲခြင်းဖြင့် လိုရာကိစ္စအောင်အံ့။



■ ၂၀၁၃ - အတွင်း မိမိဝတ်ဆင်သောအဝတ်အထည်များ၊ သုံးစွဲသောပစ္စည်းများဝယ်ယူခြင်း၊ ချုပ်လုပ်ရန်အပ်နှံခြင်းမှအစ အဝတ်အစားသစ်များဆင်ယင်ရန် ရက်ကောင်းများကို လအလိုက်အသေးစိတ်တင်ပြရသော . . .

| လ | နေ့ရက်များ |
|---|---|
| Jan | 3,7,8, 10, 11, 14, 16, 17, 22, 25, 28, 29 |
| Feb | 1, 5, 6, 8, 9, 10, 15, 16, 21, 23, 24, 28 |
| Mar | 3, 7, 8, 10, 14, 16, 17, 22, 28, 29 |
| Apr | 1, 5, 6, 8, 9, 10, 13, 16, 21, 23, 27, 28 |
| May | 1,5,6,8,9,14,15,16, 20, 22,23, 26, 27,30 |
| June | 3,4,6,7, 8, 11, 13, 14, 19, 21, 22, 25, 26 |
| July | 3, 4, 6, 7, 10, 18, 20, 21, 24, 25, 28 |
| Aug | 1, 4, 5, 6, 9, 11, 12, 17, 19, 20, 24, 31 |
| Sept | 1, 3, 7, 9, 10, 15, 17, 18, 21, 22, 29, 30 |
| Oct | 3,4,7, 9, 10, 15, 17, 18, 21, 22, 25, 29, 30 |
| Nov | 1,2,5,7, 8, 13, 15, 16, 19, 20, 23, 28,30 |
| Dec | 1,2,5,7,8,13, 15, 19, 20, 23, 27, 28, 29,30 |

www.shweo.net

■ ၂၀၁၃-ခုနှစ်အတွင်း ဆံပင်ထုံးဖွဲ့မှုပြုရန်အတွက်လည်းကောင်း၊ ဆံပင်ညှပ်ခြင်း၊ ခေါင်းလျှော်ခြင်း၊ ခေါင်းလျှော်ဖြစ်ဖြက်မြင့်စေသောရက်များကို တွက်ချက်တင်ပြအပ်ပါသည်။

| လ | နေ့ရက်များ |
|---|---|
| Jan | 1, 5, 9, 10, 15, 17, 18, 20 |
| Feb | 2, 5, 6, 11, 13, 16, 17, 28 |
| Mar | 3, 6, 7, 10, 16, 17, 19, 30 |
| Apr | 4, 5, 10, 12, 20, 23, 29 |
| May | 7, 8, 11, 12, 13, 16, 17, 25, 31 |
| June | 5, 11, 12, 17, 18, 25, 26 |
| July | 10, 11, 13, 15, 19, 22, 23, 28 |
| Aug | 8, 9, 10, 11, 13, 14, 19, 20, 24, 25 |
| Sept | 7, 8, 9, 10, 11, 12, 22, 29, 30 |
| Oct | 1, 3, 7, 8, 9, 10, 13, 27, 28 |
| Nov | 4, 5, 6, 7, 8, 10, 15, 23, 28 |
| Dec | 5, 7, 8, 13, 21, 25, 27 |



■ အပြာရောင်၊ ခရမ်းရောင်၊ မရမ်းစေ့ရောင်၊ အဖြူရောင်မေမြို့ပန်းများ၊ သစ်ခွပန်းရောင်စုံ၊ ရွှေဒင်္ဂါးပန်း၊ ဝိန်းပန်းပွင့်ရောင်စုံတို့သည် လာဘ်လာဘကိုကောင်းစေသည်။ ကျက်သရေမင်္ဂလာအပေါင်းကို ဖြစ်ထွန်းစေသည်။ ဆုတောင်းပြည့်စေသောပန်းများဖြစ်ပေရာ ဘုရားတင်ကပ်လှူခြင်း၊ အလုပ်နေရာနေအိမ်ဧည့်ခန်းစားပွဲတို့တွင် ကျက်သရေတိုးပွား၍ လာဘ်လာဘရွှင်စေရန်အတွက် သုံးစွဲအပ်သည်။

■ အရေးကြီးကိစ္စများ ဆောင်ရွက်သောအခါ၌ ကြွေပန်းအိုးအဖြူအတွင်း ကျောက်ခက်တစ်ရွက်၊ ခရမ်းရောင်သစ်ခွတစ်ခက်ထည့်၍ အမြင့်တွင်တင်ကာ လိုရာဆုတောင်းဆောင်ရွက်ပါ။

■ ခရီးဝေးကိစ္စဆောင်ရွက်မှုများ အဆင်ပြေစေရန်အလို့ငှာ သစ္စာပန်းရွက်တစ်ရွက်၊ စပိုက်တာအဝါရောင်သစ်ခွတစ်ခက်နှင့် ဝိန်းပန်းအနီတစ်ပွင့်တို့ကိုတွဲ၍ ယုံကြည်ကိုးကွယ်သောဘုရားအား ကပ်လှူပူဇော်ပါ။

■ ကျန်းမာရေးအညံ့ကြုံက အဖြူရောင်သစ္စာပန်းတစ်ခက်၊

www.shweo.net

နှင်းဆီနီတစ်ပွင့်၊ လိမ္မော်ရောင်ဇုဒ္ဓသရက်တစ်ခက်တို့ကို ဖန်ပန်းအိုးတွင်ထည့်၍ မိမိအနီးအပါးတွင်ထားရှိပါ။

■ အချစ်ရေး၊ မေတ္တာရေးအညံ့ကြီးက အဝါရောင်နှင်းဆီတစ်ပွင့်၊ အနီရောင်ပိန်းပန်းတစ်ပွင့်နှင့် လီလီပန်းတစ်ပွင့်တို့ကို ဖန်ပန်းအိုးတွင်ထိုး၍ အမြင့်တွင်တင်ပါ။ အလိုပြည့်၍အချစ်ကံကောင်းမည်။

■ ထမင်းစားစားပွဲပေါ်တွင် ကြွေပန်းအိုးပုဝယ်တစ်လုံးအတွင်း၌ ခရမ်းရောင်၊ မရမ်းစေ့ရောင်၊ အပြာရင့်ရောင်ပန်းပွင့်ငယ်တို့ကိုထိုး၍ထားရှိပါ။ မိသားစုအိမ်ထောင်ချမ်းမြေ့ခြင်း၊ စိတ်သောကကင်းဝေးခြင်းများကြုံမည်။



# ၂၀၁၃-ရတနာဝတ်ဆင်မှု

၂၀၁၃ ခုနှစ် တစ်နှစ်တာအတွင်း ဝတ်ဆင်အကျိုးပေးသော ရတနာ(၆)မျိုးရှိပါသည်။ ဥဿဖရား၊ နီလာအပြာ၊ Turquoise၊ Moonstone၊ ပုလဲနက်နှင့် စိန်တို့ဖြစ်ပါသည်။

■ **ဥဿဖရား (Topaz)**ကျောက်သည် လာဘ်လာဘကိုပွင့်စေသည်။ ဥစ္စာငွေကြေးကို တိုးပွားစေသည်။ မကောင်းသောဘေးဥပဒ်အန္တရာယ်တို့ ဖယ်ရှားပေးသည်။ အချစ်ရေး၊ မေတ္တာရေး ကံကောင်းစေသည်။ လူချစ်လူခင်ပေါများစေသည်။

■ **နီလာအပြာ (Blue Sapphire)**သည် ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်းကံ မြင့်မားစေခြင်းကိုဖြစ်စေသည်။ စန်းပွင့်စေသည်။ မိတ်ကောင်း၊ ဆွေကောင်းအထောက်အကူရစေသည်။ အပြန်အလှန်နားလည်မှုနှင့် ဥစ္စာစီးပွားတိုးတက်စေသည်။ လာဘ်ပွင့်စေသည်။

■ **တားကွစ် (Turquoise)**ကျောက်သည် ပညာအရာကို

www.shweo.net

ထွန်းပေါက်စေသည်။ ပီယစာတ်မြင့်မားစေသည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မှုကိုဖြစ်ပေါ်စေသည်။ ဘာသာလူမျိုးကွဲပြားသူနှင့်ဆက်ဆံမှုတွင် အောင်မြင်အဆင်ပြေစေသည်။

■ မွန်းစတုန်း (Moonstone)သည် စိတ်ကူးကောင်းများပေါ်ထွန်းစေသည်။ မကောင်းဆိုးဝါးအနှောင့်အယှက် ဘေးဥပဒ်မှကင်းဝေးစေသည်။ စီးပွားဥစ္စာထွန်းပေါက်စေသည်။ မိတ်ဆွေကောင်းများ ပေါ်ထွန်းစေသည်။ အတတ်ပညာနှင့်ဆောင်ရွက်သောကိစ္စများတွင် ထွန်းပေါက်တိုးတက်မည်။

■ ပုလဲနက် (Black Pearl)သည် စည်းစိမ်ဂုဏ်ရှိန်ကို တိုးတက်စေသည်။ အခက်အခဲများကို ပျောက်ကွယ်စေသည်။ ပီယစာတ်ကောင်းသည်။ ငွေကြေးမြဲမြံစေသည်။

■ စိန် (Diamond)သည်ကား ကိုယ်စွမ်းကိုယ်စအပေါ် ယုံကြည်မှုတိုးပွားစေသည်။ ယှဉ်ပြိုင်သူအားလုံးအပေါ် စိုးမိုးလွှမ်းမိုးနိုင်သည်။ အဆင့်မြင့်အခြေအနေနှင့် ဘဝတိုးတက်မှုကိုဖြစ်ထွန်းစေသည်။ ကျန်းမာရေး အထူးကောင်းစေသည်။



■ ပြောင်ခေါင်းစိမ်းနှင့်မြကျောက်တို့ကို ဝတ်ဆင်နိုင်သည်။ အထူးသတိပြုရန်မှာ ဇန်နဝါရီ ၂၁၊ ၂၆၊ ၃၀၊ ဖေဖော်ဝါရီ ၄၊ ၈၊ ၁၃၊ ၁၇ ရက်နေ့တွင် မွေးသောသူတို့သည် Jade (ကျောက်စိမ်း) လုံးဝမဝတ်ရ။

■ ရေမ်းစွဲအပါအဝင် အခြားသောရေမ်းရောင်၊ အပြာရင့်ရောင် Fancy ကျောက်တို့ကို လည်ဆွဲ၊ ရင်ထိုးအဖြစ်ဝတ်ဆင်နိုင်သည်။ ထန်းပင်မှကျောက်ခဲအသွင်သို့ပြောင်းသော ထန်းကျောက်နှင့်ပြုလုပ်ထားသော အလှဆင်ပစ္စည်းများကို သုံးစွဲနိုင်သည်။ ပျူခေတ်ပုတီးဆောင်ပါ။ ဂီတသင်္ကေတပုံ၊ စောင်းကောက်ပုံ အလှပစ္စည်းများ ဆင်မြန်းနိုင်သည်။

www.shweo.net

## ကံအကျိုးပေးနံပါတ်

၂၀၁၃ -တစ်နှစ်တာအတွင်း ကုမ်ရာသီဖွားများအတွက် ကံအကျိုးပေးနံပါတ်များ **Lucky Numbers** များကို လအလိုက်တွက်ချက်တင်ပြအပ်ပါသည်။ ဤကံချိန်ကိုသုံးစွဲကာ ကံကောင်းခြင်းနှင့် လာဘ်လာဘလိုအင်ဆန္ဒပြည့်စုံခြင်း ရရှိစေမည်။

| လ | အကျိုးပေးဂဏန်း |
|---|---|
| Jan | 0, 8, 2, 5 |
| Feb | 4, 7, 5, 2 |
| Mar | 1, 3, 7, 0 |
| Apr | 2, 9, 6, 8 |
| May | 1, 3, 5, 6 |
| June | 2, 7, 0, 5 |
| July | 2, 8, 0, 4 |
| Aug | 1, 0, 4, 7 |
| Sept | 5, 4, 0, 8 |
| Oct | 8, 7, 0, 6 |
| Nov | 3, 9, 0, 4 |
| Dec | 8, 6, 1, 9 |



## ကိုယ်နေဟန်နှင့်ဆွဲဆောင်မှု

ချောမောပြေပြစ်တင့်တယ်ခြင်း အခေါင်အထိပ်ကိုပိုင်ဆိုင်၍ ဩဇာအရှိန်အဝါထက်မြက်ကြီးမားသောဥပမိရုပ်ကို ကုမ်ရာသီဖွားအားလုံးတို့က ပိုင်ဆိုင်ထားသည်။ တင့်တယ်သောအဆင်းအဂါ၊ မြင့်မြတ်သောကိုယ်နေဟန်တို့နှင့်ထူးခြားသောသူများဟုဆို၏။ ဟီဘီ(Hebe)နတ်ဘုရား၏တင့်တယ်မှုနှင့်ယူရေးနပ်စ်(Uranus)နတ်မင်းကြီး၏ ဩဇာအရှိန်အဝါကြီးမားသောရာဇဥပမိရုပ်ကိုပူးတွဲပိုင်ဆိုင်သည်။

ရှေးဟောင်းဂရိဒဏ္ဍာရီအလိုအရ ကုမ်ရာသီကိုယူရေးနပ်စ်မှ စိုးမိုးသည်ဟုသတ်မှတ်သည်။ Uranus ကိုမိုးနတ်မင်းကြီးဟူ၍လည်းသတ်မှတ်သည်။ အစစအရာရာတို့ကို စတင်ဖန်တီးသောနတ်ဒေဝါဖြစ်၍ ဖန်ဆင်းရှင်မိုးနတ်မင်းကြီးဟူ၍လည်းသတ်မှတ်သည်။ ရှိရှိသမျှသော(Titan)နတ်ဒေဝါများနှင့် (God)နတ်ဒေဝတာတို့၏ အရင်းအမြစ်မူလဖန်ဆင်းရှင်ဖြစ်သည်။ အထက်မြက်ဆုံးသောဥပမိရုပ်၊ အမြင့်မားဆုံးသောဩဇာအရှိန်အဝါတို့ကို ပိုင်ဆိုင်သူဖြစ်၏။ ကုမ်ရာသီဖွားအားလုံးတို့အား Uranus (ယူရေးနပ်စ်)၏ ကိုယ်ပွားများဟုယူဆသည်။ ဤရာသီဖွား ကျား / မ မရွေး

တို့တွင် ထက်မြက်သောဥပမိရုပ်ကိုမွေးရာပါပိုင်၏၊ မိဘ မောင်နှမသားချင်းတို့နှင့် အသွင်မတူ၊ ခြားနား၏၊ ထင်ရှား ပြတ်သားသောမေးရိုး၊ ပါးရိုးတို့နှင့် မျက်နှာပြင်ဖွဲ့စည်း သည်၊ စူးရှထက်မြက်သော မျက်ဝန်းအလုံးစုံကိုပိုင်သည်၊ အကြည့်ရဲသည်၊ လင်းလက်တွန်းတောက်သည်၊ တစ်ပါးသူ ရင်တွင် စူးရှဝင်ရောက်နိုင်သော အကြည့်မျက်ဝန်းကိုပိုင် သည်၊ မလိုအပ်ဘဲ နေကာမျက်မှန်တပ်ရန်မသင့်၊ တပ်ဆင် ပါကလည်း မျက်လုံးကိုမြင်သာသောအရောင်ဖျော့များကို သုံးစွဲသင့်သည်၊ တစ်ဖက်လူနှင့် စကားပြောဆိုသောအခါ

လွန်စွာလိုက်ဖက်သည်၊ ရှေးရိုးကျသောပုံနှင့်လည်း မကိုက် ညီ၊ သေသပ်ကျနစွာဝတ်ဆင်ရန်သင့်တင့်လှသည်၊ ခေတ် ရှေ့လွန်သောဆင်ယင်မှု၊ နုငယ်အောင်ပြင်ဆင်မှုများ ဆင် ယင်၍မသင့်၊

ကြွယ်(၁၂)လုံးခြံရံပြီး ရေအိုးမှရေကိုသွန်နေ သည့် ကုမ်ရာသီပုံရိပ်သည် နတ်ဒေဝါဟီဘီ(Hebe)၏ပုံဟု ဒဏ္ဍာရီတွင်ဆို၏၊ ရှေးသရောအခါက လူတို့ရွာနိဌ Gany-mede''ဂနီမက်''အမည်ရှိသော လူသားတစ်ဦးရှိ၏၊ လွန် စွာဥပမိရုပ်တင့်တယ်၏၊ ချောမောလှပ၏၊ (The most

www.shweo.net

Aquarius ရုပ်ကိုဖြစ်စေသည်။ ထိုကြယ်(၁၂)လုံးအလင်းတန်းနှင့်ထိတွေ့၍ မွေးဖွားသည့် ကုမ်ရာသီဖွားတို့ကိုလည်း လှုပတင့်တယ်မှုကိုဖြစ်ပေါ်စေသည်။ ထိုဒဏ္ဍာရီ၏အလိုအရ ကုမ်ရာသီဖွားအသီးသီးတွင် သူတစ်ပါးထက်သာသော လှပမှု၊ တင့်တယ်မှုတစ်စုံတစ်ရာမွေးရာပါ ပါလေ့ရှိသည်။ ပိန်သွယ်သည်ဖြစ်စေ၊ ဝဖြိုးသည်ဖြစ်စေ၊ ရှည်လျားသည်ဖြစ်စေ၊ ပုညက်သည်ဖြစ်စေ အသီးသီးသောသူတို့တွင် တစ်စုံတစ်ရာသောအလှအပပိုင်ဆိုင်ခြင်းရှိလိမ့်မည်။ အထူးသဖြင့် ခြေဆံ၊ လက်ဆံတင့်တယ်မှု၊ နှာဖျားနှင့်နှုတ်ခမ်းတို့တွင်လည်း ဆွဲဆောင်မှုအပြည့်ရှိသည်။ မျက်ဝန်းတွင် အလှအပများ နိုအောင်းနေသည်။ ကုမ်ရာသီဖွား ကျား / မ မရွေးတို့သည် ခြေလက်တို့ကိုအထူးပြု၍ သန့်ရှင်းအောင်ထားသင့်သည်။ သတိပြုရန်မှာ တတိယမြောက်လေမာတ်ရာသီတွင်မွေးသူများဖြစ်ပေရာ ခံတွင်းနံ့ကိုအထူးပြုဂရုစိုက်ရမည်။ အမျိုးသားများအဖို့ နွဲ့လွန်းသောအသွင်မရှိသင့်။ ကျား / မ မရွေးတို့သည် နဖူးကိုဖုံးလွှမ်းသောဆံပင် မထားသင့်။



# နိဂုံးချုပ်

အီဂျစ်တို့၏ဒဏ္ဍာရီတွင် ရေအိုးထဲမှရေကိုသွန်းလောင်းနေသော ကုမ်ရာသီ၏ပုံရိပ်သည် (နိုင်း) Nile မြစ်ကိုဖန်တီးသော(ဟာပီ)Hapi နတ်ဘုရား၏ပုံရိပ်ဟုဆိုသည်။ အိုးထဲမှရေတို့ကို သွန်းလောင်း၍သောက်သုံးခြင်းက ချိုမြိန်၍ ရှင်သန်နိုင်သောရေအလျှင်ကို တစ်သွင်သွင်စီးစေသောနတ်ဒေဝါဖြစ်သည်။ နတ်ဒေဝါဟာပီ Hapi သည် ရှင်သန်ခြင်း၊ ငြိမ်းချမ်းခြင်း၊ မကောင်းမှုတို့အားဖယ်ရှားခြင်း၊ မြေပြင်နှင့်တကွ လူသားတို့၏ခန္ဓာတွင်ရှိသော အစွန်းအထေး၊ အညစ်အကြေးနှင့် မကောင်းခြင်းမှန်သမျှကို ပယ်ဖျက်၍ ပျော်ရွှင်ချမ်းမြေ့ရှင်သန်မှုကိုပေးသည်။ ချိုမြိန်သောသစ်သီးတို့ကို ဖြစ်ထွန်းစေသည်။ အာဟာရပြည့်တင်းသော ဂျုံသလေးတို့ကို ဖန်တီးဖြစ်ထွန်းစေသည်။ ရနံ့ထုံ၍အဆင်းလှသောပန်းတို့ကိုပွင့်စေ၍ သာယာခြင်းအပေါ် ပျော်ရွှင်ချမ်းမြေ့ခြင်းကိုထုံမွှမ်း၏။ သဘာဝကိုမှီတင်းနေထိုင်သော သက်ရှိအားလုံးအား ချစ်ကြည်ငြိမ်းချမ်းစွာနှင့် ပျော်ရွှင်မှုကိုဖြစ်ထွန်းစေသည်။ ဟာပီ Hapi မှ သွန်းလောင်းလိုက်သော Nile (နိုင်း) မြစ်ရေကို သောက်သုံးသူအားလုံးတို့သည်

www.shweo.net

ဉာဏ်ရည်မြင့်မား၍ အေးချမ်းဖွံ့ဖြိုးမှုကိုဖြစ်ထွန်းစေသည်။ ဘဝမျှော်လင့်ချက်တို့ကို မြင့်မားစေသည်။ သဘာဝလောကမှ အတတ်ပညာတို့ကိုလည်း ကျွမ်းကျင်လိမ္မာစွာတတ်မြောက်စေသည်။ ကုမ်ရာသီဖွားတို့သည် နတ်ဒေဝါ"ဟာပီ" မှ Nile နိုင်းမြစ်ကိုလူ့အသွင်ဖန်တီး၍ ကမ္ဘာအဝန်းလူသားတို့ကို အကျိုးပြုရန်ဖန်တီးစေလွှတ်သူများဟုဆိုသည်။ သူတစ်ပါးကောင်းကျိုးအတွက် ဘဝရှင်သန်သူများဖြစ်သည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စ ဦးဆောင်ဦးရွက်ပြုရမည်။ မြို့ရပ်ထူထောင်မှုများတွင် ဦးဆောင်၍တိုက်ပွဲဝင်ရမည်။ အတ္တအကျိုးစွန့်၍ ပရဟိတရေးရာအဖြာဖြာ ဦးစားပေးရမည်။ မကောင်းသောအကြောင်းဖြစ်စဉ်မှန်သမျှကို တိုက်ပွဲဝင်ဖယ်ရှား၍ လူနှင့်လူ့ပတ်ဝန်းကျင်အလုံးစုံ၌ သန့်စင်ခြင်းကိုတာဝန်ယူရပေမည်။ သဘာဝမှပေးစွမ်းသော အတတ်ပညာမှန်သမျှကိုလက်ဆင့်ကမ်း၍ လူသားတို့ကိုအကျိုးပြုသောတီထွင်ဖန်တီးမှုများဆောင်ရွက်ရမည်။ ရှာဖွေရရှိသောဥစ္စာပစ္စည်းနှင့်တကွ အောင်မြင်မှုအလုံးစုံတို့ကို ကိုယ်ကျိုးအတွက်မသုံးဘဲ မျှဝေခံစားရန်တာဝန်ယူရသည်။ ငြိမ်းချမ်းရေးစေတမန်များဖြစ်သည်။

အထူးသတိပြုရန်မှာ ကုမ်ရာသီဖွားအားလုံးတို့



သည် စေတနာနားမလည်သူများ၊ သစ္စာမဲ့သူများနှင့် အမြဲရင်ဆိုင်ရတတ်သည်။ အကြောင်းသည်ကား ကုမ်ရာသီကိုစိုးမိုးသော Uranus ယူရေးနပ်စ်နတ်ဘုရားသည် မဟာစကြာဝဠာနှင့် ဤကမ္ဘာကိုစတင်ဖန်တီးသော ဖန်ဆင်းရှင်နတ်မင်းဖြစ်သည်။ Titan "တိုက်တန်"နတ်ဘုရား(၁၂)ပါး၏ဖခင် နတ်ဒေဝါ God (၆)ပါး၏အဘိုး အလုံးစုံသောရှင်သန်မှုတို့၏ မူလအစစင်စစ်ဖြစ်သည်။ သားဖြစ်သူစေတန် Saturn ကလုပ်ကြံ၍ အရိုက်အရာကိုစွန့်လွှတ်ခဲ့ရသည်။ ယူရေးနပ်စ်ကို မိုးနတ်မင်းကြီးဟူ၍လည်းခေါ်ဆိုသည်။ အလွန်တန်ခိုးအရှိန်အဝါကြီးမားသူဖြစ်လင့်ကစား အနီးဆုံးသောသူမှ ရန်မူခြင်းကိုကြုံရသည်။ ဤဒဏ္ဍာရီမှတ်တမ်းတင်ဖြစ်ရပ်သည်ကား ယူရေးနပ်စ်၏ တန်ခိုးကိုယ်ပွားကုမ်ရာသီဖွားအားလုံးတို့အတွက် သတိချပ်ဖွယ်တည်း။ ကိုယ်ဆောင်ရွက်ဖန်တီးထားသောအကြောင်းအရာတို့ကို ဆက်နွယ်သူအားလုံးတို့ကို ညီညွတ်မျှတစွာပေးစွမ်းမည်။ ဤသို့ဆောင်ရွက်ခြင်းကို နှစ်လိုမှုမရှိဘဲ ပိုမိုရလိုစိတ်ရှိသူတို့ကသစ္စာဖောက်ဒုက္ခပေးကာ လက်ဝယ်ရှိသောအရာတို့ကို အတင်းလုယူခြင်းသတိရှိရမည်။

ကုမ်ရာသီဖွားအားလုံးတို့သည် အနှင်းခံကျောက်

www.shweo.net

တုံး၊ အဖြည့်ခံလေ့ကားထစ်၊ အထောက်အကူပြုညာက်တို့ အလား တစ်ပါးသူတို့က လိုလျှင်အသုံးချ၊ မလိုလားကပယ် ရှားဘေးထိုးခြင်းကိုကြုံတွေ့ရတတ်သည်။ ဤ ၂၀၁၃-တစ်နှစ်တာအတောအတွင်း ကိုယ့်အပေါ်သစ္စာမဲ့နိုင်သူများ၊ ဘေးဥပဒ်ပေးနိုင်သူတို့ကို ကြိုတင်ခန့်မှန်းသိလျက်နှင့်ပင် ထိုသူတို့အားကိုယ်ကျိုးစွန့်အနစ်နာခံ၍ ၄င်းတို့အတွက် ဆောင်ရွက်ပေးခြင်းမပြုသင့်။

ဝေဖန်နှောင့်ယှက်သူမည်မျှရှိစေ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စ၊ လူသားအကျိုးပြုဝန်းကျင်တွင် ထဲထဲဝင်ဝင်ကူညီဆောင်ရွက်ပါ။ စေတနာကို တန်ဖိုးထားနားလည်နိုင်သူများအပေါ်၌သာ သဒ္ဓါတရားရှိပါ။ ချိုမြိန်သောအပင်ကို ရှင်သန်အောင်စိုက်ပျိုးခွင့်ရှိသည်။ အဆိပ်ပင်ရေလောင်းပြုခြင်းကမသင့်။ ရန်ပဋိပက္ခများကို အေးငြိမ်းအောင်ဖြေရှင်းနိုင်သောစွမ်းအားများ အထင်အရှား ပေါ်လွင်နေသည်။ ငြိမ်းချမ်းရေးစေတမန်သဖွယ် ပဋိပက္ခရှိသူများအကြား ပြေငြိမ်းအေးချမ်းအောင် စွမ်းဆောင်ပေးနိုင်ခြင်းအတွက် အခါကောင်းရောက်နေပေတည်း။



## ၂၀၁၃-ဆောင်ရွက်ရန်

■ ရေတံခွန်ပုံ၊ အဆင့်ဆင့်ရေများစီးဆင်းနေသော စားပွဲတင်ရေတံခွန်ရေအလှဆင်ပစ္စည်းများ၊ ရေပန်းငယ်များကို အလုပ်နေရာ၊ နေအိမ်အနီးအပါး၌ ထားရှိပါ။

■ ငှက်တောင်၊ ငှက်မွေးများကို အဖြူရောင်ကဒ်ပြားတစ်ခုအပေါ်တွင်ကပ်၍ အလှဆင်ကာ ၄င်းကိုဓာတ်ပုံမှန်ဘောင်သွင်း၍ မိမိအနီးအပါး အမြင့်တစ်နေရာတွင်ထားရှိပါ။

■ ကြွေထည်၊ မြေထည်၊ စဥ့်ရေသုတ်၊ မြေသားနှင့်ပြုလုပ်ထားသော ရေအိုး၊ ရေတာကောင်းတို့ကို လှပစွာစီရီ၍ နေအိမ်နေရာ၊ အလုပ်ခန်း၊ ဧည့်ခန်းတို့၏ အရှေ့မြောက်ထောင့်တွင်ဖြစ်စေ၊ အနောက်မြောက်ထောင့်တွင်ဖြစ်စေ ထားရှိပါ။

ချမ်းမြေ့မေတ္တာတုန့်ပြန်ပါသည်။<br>
စံ-ဇာဏီဘို<br>
ဖုန်း -၀၁-၆၄၀၆၃၉၊<br>
၀၉ ၇၃၁၇၀၇၉၉